ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ စနေနေ့၊ (24-2-2007) (၅၂၄၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာ့မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတသစ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာ့မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတအသစ်အဖြစ် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်တာဝန်ထမ်းဆောင်သည့် မစ္စတာ ကာဘန် ဂူလီ၊ ဘာဒီမူခမ်မ်ဒို့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာမြို့နယ် ကန်သာယာကျေးရွာ ရေဆင်းလုံးသွယ် နွေစပါးများ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။　(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်း နွေစပါးစိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဖေဖော်ဝါရီ　　၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉ နာရီတွင် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာ ကွင်းအမှတ်(၆၁၂)သို့ သွားရောက်၍ လယ်မြေဧက ၂၀၀ မိတ္ထီလာကန်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော ရေဆင်းလုံးသွယ် နွေစပါးများ စိုက်ပျိုးနေမှု၊ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးပန်းတိုင်အထွက်တိုးနှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ စနစ်တကျအသုံးပြုသွားရန် မှာကြားသည်။

မိတ္ထီလာမြို့နယ်၌ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ဆည်၊ကန်ရေသောက် အလိုက် နွေစပါးစိုက်ပျိုးရန် ၂၃၄၆ဧက လျာထားရာမှ လျာထား ဧကအတွက် ပျိုးထောင်ပြီးစီးပြီဖြစ်၍ မတ်လအပြီး နွေစပါး ထွန်တုံးပိတ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့နယ် ရာသင်ချာ ကျေးရွာအုပ်စုရှိ မျိုးသန့်စိုက်ကွင်း ဧက ၂၀၀၃ ကင်းတားရေလှောင်တမံ ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော ရွှေသွယ်ရင်မျိုးသန့်စပါးများ စိုက်ပျိုးမှု၊ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ဝမ်းတွင်းမြို့နယ်၌ ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၅၀၁၉ ဧက လျာထားရာမှ ၄၁၂၇ ဧက စိုက်ပျိုးပြီးစီး၍ ကျန်စိုက်ဧကများကို မတ်လအပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် သီလင်ကျေးရွာ အုပ်စုရှိ တောင်သူဦးမြင့်ထူး၏ ရွှေနန်းတော်စိုက်ကွင်းသို့ ရောက်ရှိပြီး နွေစပါး ၁၁၅ဧက စိုက်ပျိုးထားရှိမှု၊ လယ်ယာသုံးလက်တွန်းထွန်စက်များအသုံးပြု၍ မြေပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။　**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သန့်ဇင်ထွန်း(ကြေးမုံ) ရေးသားသည့် "ဓာတ်ပုံပညာရှင်သုံးဦး၏ မတူညီသောပုံရိပ်များ" ဓာတ်ပုံပြပွဲ (သတင်းဆောင်းပါး)　စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၄-၂-၂၀၀၇
(စနေနေ့)

ပတ်ဝန်းကျင်သန့်ရှင်းရေး စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင် သန်စွမ်းရေးတို့ကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ အပါအဝင် တစ်နိုင်ငံလုံး၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးရင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည် ဖော်ရာ၌ ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေး သည်လည်း အထူးအရေးပါသည်။ ထို့ကြောင့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များ ကျင်းပ၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက် ရှိသည်။

ယခုနှစ်ကျင်းပမည့် ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်ကို ဖေဖော်ဝါရီလ ၂၄ ရက်(ယနေ့)မှ မတ်လ ၂ ရက်နေ့အထိ သတ်မှတ်ထားပြီး **တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာ သုံးကြစို့** ဟူသော ဆောင်ပုဒ်ကို ထုတ်ပြန်ထားသည်။

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်စေသည့် လုပ်ငန်းများတွင် ပါဝင်ကူညီရုံသာမက လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်သည်။ အထူးသဖြင့် အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး(လက်သန့်)နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး(အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို ၁၉၉၈ ခုနှစ်မှ စတင်ကျင်းပပြီး ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လာခဲ့ရာ မသန့်ရှင်းသောရေနှင့် ပတ်ဝန်းကျင်တို့မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဖြစ်ပွားမှုများ သိသာစွာလျော့နည်း ကျဆင်းခဲ့ကြောင်းသိရသည်။

သို့ဖြစ်ရာ ပြည်သူအားလုံးက အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ပညာပေးနှိုးဆော်ချက်များနှင့်အတူ အစားအစာသန့်၊ ရေကောင်းရေသန့်၊ တစ်ကိုယ်ရေသန့်၊ အိမ်သာသန့်များ သုံးစွဲနိုင်ရေး အစဉ်တစိုက် အလေးထား ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်း လူတိုင်း အသက်ရှည်ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဇနီး ဒေါ်ခင်လှနှင့်သားဖြစ်သူ ဆရာကြီး ဦးမောင်မောင်ကြီးတို့အား ရည်စူး၍ ရန်ကုန်တိုင်း ဒလမြို့နယ် မြို့မ(၂)ရပ်ကွက် ပန်းထိမ်တန်းလမ်းနေ ဦးစိန်ဝင်း မိသားစုက အလှူတော်ငွေ ကျပ်၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိမလ(ကျောက်ဆည်)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံ၊ ပန်းမန် ပြပွဲ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီက ပုသိမ်မြို့ ကန်သာယာကွင်းတွင် ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့်ဇနီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းနှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးကြည်စိုးက ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများနှင့် ပြိုင်ပွဲ အမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ဆုပေးပွဲကိုပြုလုပ်ရာ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က ပန်းအလှပြင်ဆင်ရေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အုပ်စုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများကို ပေးအပ်သည်။

ထို့နောက်တိုင်းမှူးနှင့် ဇနီးတို့သည် ပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင် သစ်သီးဝလံ ပန်းမန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲ ဆုပေးပွဲတွင် ဆုရရှိသည့် သစ်သီးဝလံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အသေးစားချေးငွေလုပ်ငန်းမှ ဝန်ထမ်းများနှင့် ငွေချေးယူသူများအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တွေ့ဆုံ

သမဝါယမ ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ် တင်ထွတ် ရှမ်းပြည်နယ် ပင်းတယ မြို့နယ် သ ရက် ကုန်း ကျေးရွာရှိ အ သေး စား ချေး ငွေ ဖြင့် ဆောင် ရွက်သော ဝါး ခ မောက် လုပ် ငန်းကို ကြည့်ရှု စစ်ဆေးစဉ်။

(သမဝါယမ)

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ် သမဝါယမဘဏ်ရိပ်သာ၌ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အသေးစားချေးငွေလုပ်ငန်းမှ ဝန်ထမ်းများနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူ တောင်သူလယ်သမားများနှင့် လက်မှုလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကေလာရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးသူ တောင်သူများနှင့်လည်းကောင်း၊ ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်စခန်း အနီးရှိ လွယ်ညိမ့် ကျေးရွာရှိ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူများ နှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ရက်တွင် ကလောမြို့နယ် ဝါးရုံပင်ကျေးရွာ စိုက်ပျိုးရေးခန်းမ၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူ ရွာသူ ရွာသားများနှင့် လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းများ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၉-၇၅)ပညာသင်နှစ်တွင်အတူတက်ရောက် ပညာသင်ကြားခဲ့ကြသော မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် (သောကြာနေ့)နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေ ထည့်ဝင်လိုပါက ဦးကျော်ဝင်း ဖုန်း ၀၆၇-၄၀၇၀၆၈၊ ဦးသန်း ဖုန်း ၀၁-၅၂၄၆၂၅၊ ဦးခင်လတ် ဖုန်း ၀၁-၂၅၃၂၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

(၆၄)ကြိမ်မြောက်သွေးလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(၉)ရပ်ကွက် ရပ်ကွက်အမှုဆောင် ဦးအောင်ကျော်မြင့် **(ပုံ)** လူမှုထူးချွန် (ဒုတိယဆင့်) စက်မှုကျွမ်းကျင်(၃)၊ ကြီးကြပ်(၁) ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ဒဂုံမြို့သစ် (မြောက်ပိုင်း)သည် မင်္ဂလာဗျူဟာအသင်းတွင် (၆၄)ကြိမ်မြောက် သွေးလှူဒါန်းသည်။ (၆၃)

ပတ်ဝန်းကျင် ကျန်းမာရေးအောင်မြင်မှု ဆယ်စုနှစ်

ဒေါက်တာခင်မောင်လွင်

ဆယ်စုနှစ် တစ်စုစာ အတိုင်းအတာနဲ့ အောင်မြင်မှုရခဲ့တဲ့ ကျန်းမာရေးဆောင်ရွက်မှု တစ်ခုအကြောင်းကို တင်ပြလိုပါတယ်။ အဲဒါကတော့ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ အောင်မြင်မှုပါပဲ။ လူတွေရဲ့ကျန်းမာရေးဟာ ပတ်ဝန်းကျင်နဲ့ တိုက်ရိုက်ထိစပ် ပတ်သက်နေတယ်ဆိုတာကို အများလက်ခံလာတာ မကြာသေးပါဘူး။ လူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ဖို့ရာမှာ ပတ်ဝန်းကျင်ဟာ အရေးပါလွန်းလို့ ကမ္ဘာ့မိသားစုကြီးအနေနဲ့ အလေးအနက် ဆွေးနွေးလာရပါပြီ။ ပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ မြောက်မြားစွာ ရှိတဲ့အထဲက လူတွေနဲ့ တိုက်ရိုက်ပတ်သက်ပြီး လူတွေကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ ယင်လုံအိမ်သာကိစ္စကို ကျွန်တော်တို့ ဦးစားပေးပြီး ဆောင်ရွက်လာခဲ့တဲ့ဆယ်စုနှစ် အတွင်းမှာ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှာ ဦးစားပေးစရာလုပ်ငန်းတွေ ကိုယ်စီရှိကြပေမယ့် အများစုကြီးဟာ ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ လက်နှေးကြပါတယ်။ ချမ်းသာလာရင် ကျန်းမာလာမှာပဲလို့ အတွေးလွဲကြပါတယ်။ ကျန်းမာမှုအခြေခံမှ ချမ်းသာအောင်လုပ်နိုင်ပြီး ရလာတဲ့အဆင့်အတန်းကို ရေရှည်ထိန်းသိမ်းရုံမက တိုးမြင့်အောင် လုပ်နိုင်တယ်ဆိုတဲ့ အသိတရားရလာအောင် အတော်ကို ကြိုးစားနေကြပါတယ်။ ကျန်းမာရေးဆိုရာမှာလည်း ရောဂါဖြစ်လာမှ ကုသဖို့ ငွေစုထားမှာလား၊ ရောဂါမဖြစ်အောင် ကာကွယ်တဲ့နေရာမှာ သုံးမှာလား။ ရောဂါ မလာမရောက်နိုင်အောင် ကျန်းမာရေး အဆင့်အတန်း မြင့်မြင့်မားမား နေကြမှာလားဆိုတဲ့ ရွေးချယ်မှုတွေ မှန်ကန်နေမှ ရင်းနှီးမြှုပ်နှံရကျိုးနပ်မှာပါ။ ယင်လုံအိမ်သာတစ်လုံးဆောက်မယ်ဆိုရင် ငွေတစ်သောင်းလောက် အနည်းဆုံး ကုန်ပါမယ်။ ကျွန်တော်တို့ ဆယ်စုနှစ်တစ်ခုအတွင်း ယင်လုံအိမ်သာ ခုနစ်သန်းကျော် ဆောက်ပြီးသွားပါပြီ။ စုစုပေါင်းကျပ်ငွေ ကုဋေခုနစ်ထောင် ရင်းနှီးမြှုပ်နှံခဲ့ပြီးပါပြီ။ ဒါဟာ လူထုအားလုံးရဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။

၁၉၉၈ခုနှစ်တုန်းက စာရင်းအရ ယင်လုံအိမ်သာ လွှမ်းခြုံမှုဟာ ရာခိုင်နှုန်း ၄၀သာရှိရာကနေ အခုနောက်ဆုံး ၈၄ရာခိုင်နှုန်းအထိ တိုးသွားပါပြီ။ နှစ်ဆတိုးသွားပါပြီ။ တကယ်တော့ ၂၀၀၂ခုနှစ် ကတည်းက နှစ်ဆလောက် တိုးခဲ့ပြီးသားပါ။ ပျက်စီးသွားတာတွေ ယင်မလုံတော့တာတွေကို နုတ်လိုက်၊ အသစ်ထပ်ဆောက်လိုက်နဲ့ လွှမ်းခြုံမှုရာခိုင်နှုန်းဟာ အတက်အကျ ရှိခဲ့ပါတယ်။ အိမ်သာဆောက်တိုင်း ကောင်းမှုဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အိမ်သာသစ်သစ် ကောင်းကောင်းလေးတွေ ဆောက်ခဲ့ကြသလို ပျက်စီးယိုယွင်းမှုတွေကိုလည်း ရှာဖွေပြုပြင်နိုင်တဲ့အတွက် တိုးတက်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒီနှစ်ထဲမှာ လူတစ်ရာမှာ ကိုးဆယ်လောက် ယင်လုံအိမ်သာ သုံးနိုင်အောင်ရည်မှန်းပြီး အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေး အဆင့်မြင့်ရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်မှုကို အမျိုးသားရေးအသွင်နဲ့ တစ်နိုင်ငံလုံးက ပါဝင်ဆောင်ရွက်ကြတဲ့အတွက် ဒီလိုအဆင့်မြင့်မြင့် ရည်မှန်းနိုင်တာ ဖြစ်ပါတယ်။ ၁၉၉၈ခုနှစ်ကစပြီး အမျိုးသားရေးအသွင်နဲ့ လှုပ်ရှားလာခဲ့တာ ဆယ်စုနှစ်တစ်စုရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့ ၁၉၉၅ခုနှစ်ကတည်းက အမျိုးသားကျန်းမာရေး ကော်မတီက မူဝါဒတစ်ရပ် ချမှတ်ခဲ့ပြီး တစ်နိုင်ငံလုံးမှာ စည်းရုံးပညာပေး ဆောင်ရွက်ခဲ့ကြပါတယ်။ အသိပညာတွေ၊ နည်းပညာတွေ စုံလာပြီး ဒေသထွက်ပစ္စည်းတွေနဲ့ အလွယ်တကူ ဆောက်လုပ်နိုင်အောင် စီစဉ်ပေးကြတဲ့အတွက် ၁၉၉၈ခုနှစ်က စလိုက်တဲ့ လုပ်ငန်းစဉ်ကြီးက နှစ်စဉ်မပျက် အဆင့်မြင့်သည်ထက် မြင့်လာခဲ့တာဟာ နိုင်ငံသား အားလုံးအတွက် ဂုဏ်ယူစရာ ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်မှာ ကတည်းက ရည်မှန်းချက်ကြီးကြီး ထားခဲ့ပါတယ်။ ယင်လုံအိမ်သာ တစ်သန်းဆောက်ကြရအောင်လို့ စည်းရုံးခဲ့ကြပါတယ်။ မယုံကြည်သူတွေကိုလည်း စာရင်းဇယားနဲ့ တွက်ပြခဲ့ပါတယ်။ နိုင်ငံမှာ ရွာပေါင်းခြောက်သောင်းကျော် ရှိတယ်။ တစ်ရွာကို အိမ်သာ ၁၅လုံး ဆောက်ရင် တစ်သန်းလောက် တစ်မုဟုတ်ချင်း တိုးသွားမယ်ဆိုတာ ဖြစ်နိုင်တယ်လို့ ယုံကြည်ပြီး ဆောက်လုပ်ကြည့်တော့ ၉၃၂၀၀၀ ကျော် ဆောက်နိုင်တာ တွေ့ရတယ်။

ဒီလို ရက်သတ္တပတ်လှုပ်ရှားမှုမျိုးနဲ့ ယင်လုံအိမ်သာတစ်သန်းလောက် ဆောက်နိုင်တာကို မယုံကြည်ကြတဲ့ နိုင်ငံခြားတိုင်းပြည်တွေက လာကြည့်ကြတယ်။ ရွာတွေအထိ သွားကြတယ်။ ရောက်လေရာ နေရာမှာ ဂုဏ်ယူပြုံး ပြုံးနေကြတဲ့ ရွာသူရွာသားတွေကို တွေ့ကြရတယ်။ တစ်ချိန်က တောထိုင်ခဲ့တဲ့ ဘဝနဲ့ ယင်လုံအိမ်သာ ပိုင်ရှင်တစ်ယောက်ရဲ့ဘဝ အခြားနားကြီး ခြားနားတာကို လက်တွေ့လုပ်ကြည့်သူပဲသိတယ်။ ပေါ့ပေါ့တန်တန် လုပ်လို့မရတဲ့ အလုပ်ဖြစ်လို့ ဂုဏ်ယူကြတယ်။ ကိုယ့်ကြောင့်၊ ကိုယ့်မိသားစု ကျန်းမာရုံမက ရပ်ရွာပါမျက်နှာလှတဲ့ အဖြစ်မျိုးမို့ **"ကိုယ့်မြို့ ကိုယ့်ရွာတိုးတက်ဖို့ ယင်လုံအိမ်သာ ဆောက်ကြစို့"** ဆိုတဲ့ ဆောင်ပုဒ်မျိုးနဲ့ ဂုဏ်ယူဖွယ် စည်းရုံးလှုံ့ဆော်ခဲ့ပါတယ်။

အခု ဆယ်စုနှစ် ကုန်ခါနီးမှာ ဆောင်ပုဒ်က တစ်ခါထပ်ပြောင်းသွားတယ်။ **'တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့'** ဆိုတဲ့ ဆောင်ပုဒ်တဲ့၊ ယင်လုံအိမ်သာဆိုတာက ရုပ်ဝတ္ထု သန့်သန့်ရှင်းရှင်းမသုံးရင် အလကားပဲ၊ အကျိုးမရှိပါဘူး။ ဒါကြောင့် သန့်သန့်ရှင်းရှင်း သုံးဖို့၊ သန့်ဖို့၊ ပြုပြင်ဖို့ လုပ်ငန်းတွေပူးတွဲပါနေမှ သန့်ရှင်းတဲ့အိမ်သာတစ်ခုဖြစ်လာမှာကို ရည်ရွယ်ပြီး တွန်းအားပေးကြရတာပါ။ အိမ်သာကောင်းကောင်းကြီးတွေ ဆောက်ပြီး ညစ်ပတ်ပေရေနေတဲ့ မြို့ပြတွေကို ကျွန်တော်အများကြီးတွေ့ဖူးပါတယ်။ သန့်ရှင်းမှုအဆင့်ကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ လူတိုင်းနဲ့ဆိုင်နေတယ်။ လူတစ်ယောက်ကစလိုက်ရင် လူပေါင်းများစွာ စိတ်ညစ်သွားနိုင်တာ အိမ်သာပါပဲ။ အချိန်မီ မပြုပြင်နိုင်ရင် ကျန်းမာရေးထိခိုက်ရုံသာမက ဝမ်းလျှောဝမ်းပျက်ရောဂါတွေ၊ အသည်းရောင် အသားဝါရောဂါတွေ၊ အူရောင်ငန်းဖျားရောဂါတွေကအစ ကပ်ရောဂါတွေအထိ ဖြစ်နိုင်ပါတယ်။ ဒါကိုသိပြီး သတိထားနိုင်ဖို့၊ ပြုပြင်နိုင်ဖို့၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ရတာ လွယ်တော့ မလွယ်ပါဘူး။ ရွာက လူကြီးတွေ၊ စေတနာရှင်တွေ၊ လူငယ်လေးတွေ၊ ကျောင်းက ဆရာဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေရဲ့အားနဲ့ ဝိုင်းကြီးချုပ် လုပ်ကြလို့သာ ဒီလောက် ရေရှည်ခံတဲ့ တိုးတက်မှုကို ရတာဖြစ်ပါတယ်။ အိမ်ရှင်မတွေက ပျိုးထောင်ထိန်းသိမ်းပေးကြလို့ သန့်ရှင်းအိမ်သာ ဖြစ်ရတာတွေလည်း အများကြီးပါပဲ။

ဒီထက် ကြိုးစားဆောင်ရွက်နေကြတဲ့ ကြားထဲမှာ ဒေသတချို့ ကျန်နေခဲ့သေးတယ်။ ရေလွှမ်းတဲ့ဒေသတွေနဲ့ ကမ်းရိုးတန်းဒေသတွေပါပဲ။ ကမ်းရိုးတန်း ရေတက် ရေကျရှိတဲ့ နေရာတွေ၊ ကျွန်းတွေမှာ ယင်လုံအိမ်သာတွေ လိုနေသေးတယ်။ ရေတက်ရေကျနဲ့ ပင်လယ်ရေက သိမ်းသွားတာပဲလို့ ပေါ့ဆလို့မရပါဘူး။ ဝေးလံပြီး ရေလမ်းခရီးနဲ့သာ ဆက်သွယ်လို့ရတဲ့ ကျွန်းတွေမှာ ဝမ်းလျှော ဝမ်းပျက်ဖြစ်ရင် အချိန်မီ ဆေးကုခံရဖို့အတွက် ခရီးခက်ခဲလိမ့်မယ်။ ရောဂါမဖြစ်အောင် နေတာက အကောင်းဆုံးပဲ။ နောက်ပြီး ကိုယ့်ဒေသထွက် ငါး၊ ပုစွန်တွေမှာလည်း ရောဂါပိုးတွေ ကပ်ငြိမှုနည်းသွားတယ်။ ရောင်းပန်းလှတော့ စီးပွားဖြစ်မှာပဲ။ နိုင်ငံခြားကို ရောင်းရင်လည်း အဝယ်လိုက်မှာပဲ။ သန့်ရှင်းအိမ်သာတစ်ခုရဲ့ အကျိုးဆက်တွေက အများကြီးပါ။

ဝေးလံခေါင်းပါးတဲ့ ဒေသတွေ၊ ခက်ခဲတဲ့ဒေသတွေမှာ ဒီသဘောပါပဲ။ **ကျန်းမာရေးအတွက် အဆောက်အအုံဆိုတာ ဆေးရုံဆေးခန်းတွေရှိရုံနဲ့ မပြီးဘူး။ ယင်လုံအိမ်သာတွေ လိုတယ်၊ ရေကောင်း ရေသန့်တွေလိုတယ်၊ သန့်ရှင်းတဲ့ အစားအစာတွေကို စားသုံးနိုင်ရမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုကို သိရှိဂရုစိုက်နိုင်ရမယ်။ အိမ်သာသန့်နဲ့အတူ တွဲလျက်ပါနေတာကတော့ အစာသန့်ရယ်၊ ရေသန့်ရယ်၊ လက်သန့်ရယ်၊ သန့်လေးသန့်ပါပဲ။ တစ်ခုပဲရှိနေရုံနဲ့တော့ ပြီးပြည့်စုံတဲ့ ကျန်းမာရေးကို မရနိုင်ပါဘူး။ ကျန်းမာရေးအတွက် ဆောင်ရွက်စရာတွေ အများကြီးရှိတဲ့အနက်က သန့်(၄)သန့်ဟာ အခြေခံပါပဲ။ အလွယ်ဆုံး၊ ကုန်ကျစရိတ်အနည်းဆုံးနဲ့ ဖန်တီးနိုင်တဲ့ ကိစ္စတွေပါပဲ။**

အံ့သြစရာကောင်းတာက တောင်ပေါ်သား ညီအစ်ကိုမောင်နှမအတော်များများမှာ ယင်လုံအိမ်သာတွေ ရှိနေကြတာပါပဲ။ သစ်တုံးတွေ၊ ထင်းရှူးတုံးတွေနဲ့ တည်ဆောက်ထားတဲ့ မြေစိုက်အိမ်သာလေးတွေကို တောင်ပေါ်မှာ တွေ့နိုင်တယ်။ အိမ်သာပေါက်ကို ဖုံးလိုက်ရုံနဲ့ ယင်လုံအိမ်သာဖြစ်သွားပြီ။ အလွန်လွယ်ကူပါတယ်။

ယင်လုံအိမ်သာတွေ နေရာအနှံ့ တွေ့နေလျက်သားနဲ့ ဘာကြောင့်များ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ထပ်ဖြစ်နေရသလဲလို့ မေးတဲ့သူတွေ ရှိပါတယ်။ ယင်လုံ၊ အနံ့လုံ၊ အရှက်လုံဆိုတဲ့ 'လုံသုံးလုံ'နဲ့ ပြည့်စုံနေပေမယ့် အဲဒီအိမ်သာက ရေထုကို ညစ်ညမ်းစေတဲ့ အနေအထားမျိုးမှာ မရှိအောင် ဂရုစိုက်ဖို့ လိုပါတယ်။ ရေတွင်းရေကန်ရဲ့ အထက်မှာ အိမ်သာမရှိသင့်ဘူး။ အနည်းဆုံး ပေ ၅၀ ခွာပြီးမှ အိမ်သာဆောက်သင့်တယ်။ လက်တွေ့မှာတော့ မြေနေရာအမျိုးမျိုးမှာ ရွာတည်ထားတဲ့ ဒေသတွေအများကြီးပဲ။ သူ့အိမ်သာနဲ့ ကိုယ့်ရေတွင်း မလွတ်မကင်းရှိနိုင်တယ်။ မြစ်ကမ်း၊ ချောင်းဘေးက အိမ်သာတွေဟာ ရေကိုညစ်ညမ်းစေမယ်။ ရေကို ညစ်ညမ်းစေတဲ့ ရေသုံးဓလေ့လဲရှိနေတယ်။ အပင်ပန်းခံသယ်လာပြီး သောက်ရေအိုးထဲရောက်တဲ့အချိန်ကျမှ ရေညစ်ညမ်းမှု ဖြစ်သွားတာတွေ တွေ့နေရတယ်။ သုံးရေမှာလဲ ဒီအတိုင်းပဲ။ အိုးခွက်၊ ပန်းကန်ဆေးတဲ့ရေ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ဆေးတဲ့ ရေက မသန့်တာများတယ်။ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ ရရာရေနဲ့ ဆေးကြော အသုံးပြုနေကြတယ်။ ဈေးထဲမှာ၊ ပွဲခင်းထဲမှာ ပိုဆိုးတယ်။ သား၊ ငါးတွေကို ကိုင်ပြီးရင် လက်ကိုစင်အောင် ဆေးစရာ ရေနဲ့ဆပ်ပြာ ဈေးထဲမှာမရှိရင် ရောဂါ အိမ်ကိုသယ်လာနိုင်တယ်။

ရေထဲကို ရောဂါပိုးဝင်တာ၊ အစာထဲကို ရောဂါပိုးဝင်တာတွေကို ကာကွယ်ဖို့ရာ တော်တော်ကို ကြိုးစားရပါတယ်။ ကောင်းတာကတော့ ကိုယ့်အိမ်ထဲ ရောက်လာတဲ့ရေကို သန့်အောင် လုပ်တတ်ဖို့ပါပဲ။ နည်းတွေ အများကြီးရှိပါတယ်။ မကြိုးစားဘဲနဲ့ ရေသန့်မရနိုင်ပါဘူး။ မကြိုးစားဘဲနဲ့ အစာသန့် မရနိုင်ပါဘူး။ မမေ့မလျော့၊ မပေါ့မဆ သတိနဲ့ သန့်ရှင်းစင်ကြယ်အောင် နေနိုင်မှ တစ်ကိုယ်ရေသန့်ရှင်းပြီး ရောဂါဝင်ရောက်မလာအောင် ဟန့်တားနိုင်ပါတယ်။

ကျွန်တော်တို့ ထပ်ကြိုးစားရင် နှစ်များမကြာခင်မှာ လူတိုင်း ယင်လုံအိမ်သာ သုံးစွဲနိုင်ကြဖို့ ရှိပါတယ်။ **အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုတွေနဲ့ တွဲပြီးပါလာတဲ့ ရေသန့်တွေ သုံးရလို့၊ အစာသန့်တွေ စားသုံးနိုင်လို့၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အဆင့်မြင့်ကြလို့ ကျန်းမာရေးအဆင့်တွေမြင့်မားလာရင် ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်တဲ့ လူ့စွမ်းအား အရင်းအမြစ်ရတနာတွေ နေရာတကာမှာ ပြည့်နေမယ်လို့ ယုံကြည်ပါတယ်။** ကျွန်တော်တို့ အားလုံး ကြိုးစားကြပါစို့။ ။

ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှာ ဦးစားပေးစရာလုပ်ငန်းတွေ ကိုယ်စီရှိကြပေမယ့် အများစုကြီးဟာ ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ လက်နှေးကြပါတယ်။ ချမ်းသာလာရင် ကျန်းမာလာမှာပဲလို့ အတွေးလွဲကြပါတယ်။ ကျန်းမာမှုအခြေခံမှ ချမ်းသာအောင်လုပ်နိုင်ပြီး ရလာတဲ့အဆင့်အတန်းကို ရေရှည်ထိန်းသိမ်းရုံမက တိုးမြင့်အောင် လုပ်နိုင်တယ်ဆိုတဲ့ အသိတရားရလာအောင် အတော်ကိုကြိုးစားနေကြပါတယ်။



နိုင်ငံတကာအာကာသစခန်းယာဉ်၏ လောင်စာသိုလှောင်ကန်အား ပြင်ဆင်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနှင့်အိန္ဒိယ သဘောတူညီချက်လက်မှတ်ရေးထိုးမည်

နယူးဒေလီ ဖေဖော်ဝါရီ ၂၂

မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့သည် ကာကွယ်ရေးလုပ်ငန်းဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြကြောင်း ဖေဖော်ဝါရီ ၂၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မလေးရှားနှင့်အိန္ဒိယ ကာကွယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်လာနိုင်မည့်အပြင် မလေးရှားတိုက်လေယာဉ်မှူးများနှင့် ရေငုပ်သင်္ဘော တပ်ဖွဲ့များကို အိန္ဒိယနိုင်ငံတွင် လေ့ကျင့် သင်တန်းပေးနိုင်မည်ဖြစ်သည်။

ဓနသဟာယအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော မိမိတို့နှစ်နိုင်ငံသည် စစ်ရေးဆိုင်ရာ သဘောတရားရေးအမြင်အရ တူညီမှုရှိကြကြောင်း အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော နှစ်နိုင်ငံပူးတွဲကော်မရှင်အစည်းအဝေးအပြီးတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယစ်အာမက် အယ်လ်ဘာက ပြောကြားသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးသည် အိန္ဒိယ ခရီးစဉ်အတွင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ပရာနတ်မူခါဂျီးတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။ ၎င်းတို့ဆွေးနွေးသည့် အကြောင်းရပ်များတွင် ကုန်သွယ်ရေးမှသည်ကာကွယ်ရေးအထိ အကျုံးဝင်ကြောင်း မလေးရှား ဘာနားမားသတင်းဌာနက သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများအား အပြန်အလှန် စေလွှတ်ရေး ပူးတွဲ စစ်ရေးလေ့ကျင့်ရေး၊ မလေးရှားတိုက်လေယာဉ်မှူးများအား လေ့ကျင့်သင်ကြားပေးရာတွင် အိန္ဒိယက အကူအညီပံ့ပိုးပေးရေးစသည်တို့နှင့်ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲကို အပေါင်းပါနိုင်ငံများ သံသယပွား အမေရိကန်မဟာဗျူဟာ ဂျပန်ဝန်ကြီးဝေဖန်ခဲ့

တိုကျို ဖေဖော်ဝါရီ ၂၂

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအတွင်း လူကြိုက်များခြင်းမရှိသည့်အပြင် အမေရိကန်၏ အပေါင်းပါနိုင်ငံများမှာလည်း သံသယပွားနေကြကြောင်း၊ သို့ရာတွင် အမေရိကန်အစိုးရ အနေဖြင့် အီရတ်နိုင်ငံတွင် စစ်ရေးတာဝန်ပြီးဆုံးချိန်အထိ အမေရိကန်တပ်ဖွဲ့ ဆက်လက်ရှိနေစေလိုကြောင်း အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီက ဂျပန်နိုင်ငံသို့ ရောက်ရှိနေစဉ် ပြောကြားလိုက်သည်။

အီရတ်သိမ်းပိုက်ရေး အမေရိကန်၏ မဟာဗျူဟာသည် မှားယွင်းနေသည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး ဖူမီယိုကျူးမာက မကြာသေးမီသီတင်းပတ်များက ဝေဖန်ပြောကြားခဲ့ပြီးနောက် ဂျပန်နိုင်ငံသို့ ဒစ်ချေနီ ရောက်ရှိလာခဲ့သည်။

ယင်းသို့ဝေဖန်ပြောကြားမှုကြောင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ ထောက်ခံမှုသည် ပြောင်းလဲမှုမရှိဟုအလျင်စလိုအာမခံပြောကြားရသည်အထိ ဖြစ်စေခဲ့သည်။

သို့ရာတွင် ဂျပန်မဲဆန္ဒရှင်များသည် ဂျပန်ကာကွယ်ရေးဝန်ကြီး ဖူမီယိုကျူးမာနှင့် အမြင်ချင်းတူညီသည်ဟု အင်္ဂါနေ့ကထုတ်ပြန်သည့် စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ သမ္မတဘုရှ်သည် အီရတ်ကို တိုက်ခိုက်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု ၎င်းက ဝေဖန်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဗုံးခွဲမည့်သူများအဖြစ် မသင်္ကာသူများအား ကရာချိတွင် ဖမ်းဆီး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်ရဲတပ်ဖွဲ့သည်ဗုံးခွဲမည့်သူများအဖြစ် သင်္ကာမကင်းသူ ရှစ်ဦးကို ကရာချိမြို့တွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းရှစ်ဦးသည် စီတန်းလှည့်လည်ပွဲနှင့် ဘာသာရေးပုဂ္ဂိုလ်အချို့ကို တိုက်ခိုက်ရန် စီစဉ်နေသူများ ဖြစ်ကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းတို့သည် ပန်ဂျပ်၊ အနောက်မြောက် နယ်စပ်ပြည်နယ်နှင့် ကရာချိမြို့တို့မှဖြစ်ကြပြီး ကရာချိရှိ ဥပဒေထိန်းသိမ်းရေးဌာနရုံး၊ ဘာသာရေးဆိုင်ရာ စီတန်းလှည့်လည်ပွဲနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များကို တိုက်ခိုက်ရန် စီစဉ်နေကြသည်ဟု သည်နေးရှင်းသတင်းစာကရေးသားသည်။

စောစောပိုင်းတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြည်သူလူထုအကူအညီဖြင့် သင်္ကာမကင်းသူတစ်ဦးကို ဖမ်းဆီးခဲ့သည်။

ရဲတပ်ဖွဲ့သည်သတင်းအရ ဗုံးဖောက်ခွဲမည့်သူများကိုဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ရဲတပ်ဖွဲ့သည်၎င်းတို့ထံမှဖောက်ခွဲရေးပစ္စည်းအများအပြား ရှာဖွေတွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဘဂ္ဂဒက်တောင်ပိုင်း၌ ကားဗုံးနှစ်လုံးပေါက်ကွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဖေဖော်ဝါရီ ၂၀ရက်က ကားဗုံးနှစ်လုံး ပေါက်ကွဲရာ သေဆုံးသူများရှိကြောင်း၊ မြို့တော်ဘဂ္ဂဒက် တည်ငြိမ်ရေးအတွက် အမေရိကန်လုံခြုံရေး တပ်ဖွဲ့ဝင်များက သောင်းကျန်းသူများကို ဖြိုခွင်းလျက်ရှိသော်လည်း အခြေအနေပိုမိုဆိုးရွားလာကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆိုင်ဒီယာမြို့တွင် ဓာတ်ဆီဆိုင်အနီး၌ ပထမကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ပြည်သူ ငါးဦးသေဆုံးပြီး ၁၁ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ရဲတပ်ဖွဲ့သတင်းအရ အဆိုပါဗုံးပေါက်ကွဲမှုတွင် သုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာ ရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာမြို့ရှိ ဈေး၌ နောက်ထပ် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသည်။ ***အမ်အင်အေ၊ရိုက်တာ***

ပိုလန်တွင် မိုင်းတွင်းပြိုကျ တစ်ဦးသေပြီး သုံးဦးဒဏ်ရာရ

ဝါဆော ဖေဖော်ဝါရီ ၂၃

ပိုလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ မိုင်းတွင်းတစ်တွင်း၌ ဖေဖော်ဝါရီ ၂၁ရက်က မိုင်းတွင်း ပြိုကျမှုဖြစ်ပွားသည့်အတွက် မိုင်းလုပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း သတ္တုတွင်းလုပ်ငန်းသတင်းရပ်ကွက်က ပြောကြားသည်။

မိုင်းတွင်းတည်ရှိရာ ရုဒ်နာမြို့သည် မြို့တော်ဝါဆောမှ မိုင် ၁၉၀အကွာတွင်တည်ရှိသည်။ မြေတုန်လှုပ်မှုဖြစ်ပွားပြီးနောက် မီတာ ၉၅၀ အနက်ရှိ မိုင်းလိုဏ်ခေါင်းပြိုကျခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့သားများက ညလုံးပေါက် ကြိုးစားရှာဖွေပြီးနောက် ဒဏ်ရာရထားသူ လုပ်သားနှစ်ဦးနှင့် အသက်(၃၅)နှစ်ရှိသော သေဆုံးသွားသူ လုပ်သားတစ်ဦး၏ရုပ်အလောင်းကို သယ်ထုတ်နိုင်ခဲ့ သည်။ စတုတ္ထမိုင်းလုပ်သားမှာမူ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့တင်လိုက်ရသည်။

အခင်းဖြစ်ပွားချိန်က မိုင်းတွင်းအတွင်း၌ လုပ်သား ၃၀တို့အလုပ်လုပ်လျက်ရှိသည်။ ယခုအခါ မိုင်းတွင်းကိုပိတ်ထားခြင်းမရှိဘဲ ဆက်လက်လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ထိုမိုင်းတွင်းသည် နိုင်ငံပိုင် ကေဂျီအိတ်ချ်အမ်ကြေးနီကုမ္ပဏီပိုင် မိုင်းတွင်းဖြစ်ပြီး ယင်းကုမ္ပဏီသည် ကမ္ဘာပေါ်၌ ကြေးနီသတ္တု ဆဋ္ဌမအများဆုံး ထုတ်လုပ်သောကုမ္ပဏီကြီးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ရာမာဒီမြို့၌ တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် အိမ်တစ်လုံး၏ အပျက်အစီးများအား ရှင်းလင်းနေသည်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံ မော်စကိုမြို့၌ အပူချိန်အနုတ် ၂၁ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျဆင်းခဲ့ပြီး နှင်းများဖုံးလွှမ်းနေသည်ကို ဖေဖော် ဝါရီ ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေကျင်းမြို့တော်တွင် မြူနှင်းထူထပ်စွာကျရောက် လေယာဉ်ခရီးစဉ်များနှောင့်နှေးကြန့်ကြာ

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံပေကျင်းမြို့တော်တွင် မြူနှင်းထူထပ်စွာကျရောက်နေသဖြင့် မီတာ ဒါဇင်အနည်းငယ်အကွာခန့်ကိုသာ တွေ့မြင်နိုင်သည့်အတွက် လေယာဉ်ခရီးစဉ်များကို နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း ရက်သတ္တတစ်ပတ်ကြာ တရုတ်နှစ်သစ် ကူးအခမ်းအနားများ ကမောက်ကမဖြစ်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ တရုတ်နိုင်ငံ၏ နေရာအများစုတွင် လွန်ခဲ့သည့်နှစ်ရက်မှစ၍ မြူနှင်းသည်း ထန်စွာ ကျဆင်းမှုကြောင့် အနီးအပါးရှိ အဆောက်အအုံများကိုသာ မြင်နိုင်ပြီး ယာဉ်အချက်ပြမီးပွိုင့်များကို မြင်နိုင်စွမ်းမရှိသဖြင့် ပေကျင်းလေဆိပ်တွင် လေယာဉ်ခရီးစဉ်များ နောက်ကျခဲ့ရသည်။

ပေကျင်းလေဆိပ်မှ ထွက်မည့် လေယာဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရပြီး မည်သည့်ခရီးသည်မှ ယနေ့နံနက်ပိုင်းတွင် ခရီးထွက်ခြင်းမရှိကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရကြောင်း လေဆိပ်ဝန်ထမ်းတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှု တရားခံများအား ရှာဖွေနေဆဲဟု ပြောကြား

ဗန်ကောက် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံတောင်ပိုင်းတွင် တရုတ်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပချိန်အတွင်း ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ တရားခံများအား ရှာဖွေနေဆဲဖြစ်ကြောင်း ထိုင်းအစိုးရက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံတောင်ပိုင်း

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ် လေးခုတွင် ဖေဖော်ဝါရီ ၁၈ ရက်ညက ဗုံးအလုံးပေါင်း ၃၀ ခန့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ယာလာပြည်နယ်တွင် ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦး ဗုံးထိမှန်မှုကြောင့် သေဆုံးခဲ့ရသည်။ အဆိုပါ ဗိုလ်မှူးသည် ၎င်း၏နေအိမ်အပြင်ဘက်တွင် ဗုံးထည့်သွင်းထားသော အိတ်တစ်အိတ်ကို ကြည့်ရှုစစ်ဆေးရန် ကောက်ယူပြီးနောက် ပေါက်ကွဲမှုဖြစ်ကာ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ပတ္တာနီမြို့တွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်က မော်တော်ကား အရောင်းပြခန်းအတွင်း ဗုံးပေါက်ကွဲခဲ့ရာ လူလေးဦး ဒဏ်ရာရရှိသည်။ ပတ္တာနီပြည်နယ်မှာပင် သေနတ်သမားများက နေအိမ်များအတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ ပင်လယ်အော်တွင် မီးလောင်နေသော ကူးတို့သင်္ဘောအား မီးငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မျက်နှာပြင်ခွဲစိတ်ကုသမှု ကိုရီးယားအမျိုးသမီးများလိုလား

ဆိုးလ် ဖေဖော်ဝါရီ ၂၃

တောင်ကိုရီးယားနိုင်ငံရှိ အမျိုးသမီး ၇၇ရာခိုင်နှုန်းကျော်သည် မျက်နှာပြင်ခွဲစိတ် ကုသမှုခံယူရန်လိုအပ်သည်ဟု ထင်မြင်ယူဆကြောင်း ကိုရီးယားတိုင်းမ် သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ ကွမ်ဟီးတက္ကသိုလ် အထည်အလိပ် အင်ဂျင်နီယာဌာနက ပြုလုပ်သည့် စစ်တမ်းတစ်ရပ်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ မျက်နှာပြင်ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သည်ဟု ထင်မြင်ယူဆသော အသက် (၁၈)နှစ်အထက် အမျိုးသမီးဦးရေမှာ သဘောထားထုတ်ဖော်သူ ၈၁၀ အနက် ၇၇ဒသမ ၅ရာခိုင်နှုန်းကိုကိုယ်စားပြုကြောင်း၊ အသက် ၂၀ကျော် အမျိုးသမီး ၆၂ရာခိုင်နှုန်းကမူ ၎င်းတို့အနေဖြင့် မျက်နှာပြင်ခွဲစိတ် ကုသမှုခံယူခဲ့ပြီးဖြစ်ကြောင်း လေ့လာချက်အရ သိရသည်။

ရုပ်ရည်ချောမွေ့လှပမှုမရှိဟု မိမိကိုယ်မိမိ ထင်မြင်ခြင်းကြောင့် မျက်နှာပြင် ခွဲစိတ်ကုသမှု ခံယူလိုခြင်းဖြစ်သည်ဟု သဘောထားထုတ်ဖော်သူ ၇၀ရာခိုင်နှုန်းက ပြောဆိုကြသည်။

အင်တာနက်၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်

ဂျကာတာ ဖေဖော်ဝါရီ ၂၂

ရေလုပ်သား ၁၃ဦး လိုက်ပါလာသော ငါးဖမ်းသင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၁၉ ရက်က အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်း ကာလီမန်တန်ပြည်နယ် ပင်လယ်ပြင်တွင် တိမ်းမှောက်သွားရာ ယခုချိန်အထိ အသက်ရှင်လျက်ရှိသူ တစ်ဦးတည်းသာ ရှာဖွေတွေ့ရှိကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားသည်။

ဖေဖော်ဝါရီ ၁၉ ရက်က မော်တော်တိမ်းမှောက်ခဲ့ပြီး အာမီရူဒင်ဆိုသူကို ဖေဖော်ဝါရီ ၂၀ ရက် ညနေက ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း ဆိပ်ကမ်းလုံခြုံရေး ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရာဟာဂျူဆီဝန်တိုက ပြောကြားသည်။

အာမီရူဒင်သည် ဒေသဆိုင်ရာ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ ၎င်း၏ မော်တော်သည် ပင်လယ်ပြင်အတွင်း၌ အင်ဂျင်စက်ပျက်ယွင်းမှုကို ပြင်ဆင်ရန် ရပ်တန့်ထားစဉ် လှိုင်းမိခဲ့ခြင်းဖြစ်ကြောင်း အင်တာရာ သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်နိုင်ငံ တက္ကဆက်ဒေသ ပို့အစ္စဘယ်အရပ်သို့ ရောက်ရှိလာသော အစိမ်းရောင် ပင်လယ်လိပ်ကြီးများအား သဘာဝဝန်းကျင် ထိန်းသိမ်းရေးလုပ်သားနှစ်ဦးက ပြုစုစောင့်ရှောက်နေသည်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စလမ္မာဘတ်ရှိ တိရစ္ဆာန်ရုံ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်ရှိ တိရစ္ဆာန်ရုံတွင် H_5N_1 ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကြောင့် ဒေါင်းလေးကောင်နှင့် ဘဲငန်းတစ်ကောင် သေဆုံးကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန တာဝန်ရှိသူက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

သေဆုံးသည့် တိရစ္ဆာန်များကို ဓာတ်ခွဲစမ်းသပ်ရာ H_5N_1 ဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ဝန်ကြီးဌာန မွေးမြူရေးကော်မရှင် အဖွဲ့ဝင်မိုဟာမက်ဒ်အာဇလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအတွင်း၌ ယခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး တွေ့ရှိခြင်းသည် စတုတ္ထအကြိမ်ဖြစ်သည်။ ယမန်နှစ်က နိုင်ငံတွင်း၌ H_5N_1 ဗိုင်းရပ်စ်ပိုးကို ပထမဆုံးတွေ့ရှိပြီး ယခုလတွင် ပြန်လည်တွေ့ရှိလာရခြင်းပင် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မဲခေါင်ဒေသ ကူးသန်းသွားလာရေးစီမံကိန်း ဗီယက်နမ်ဆောင်ရွက်မည်

ဟနွိုင် ဖေဖော်ဝါရီ ၂၃

ဗီယက်နမ်အစိုးရသည် အမေရိကန်ဒေါ်လာ ၃၁၂ သန်း ကုန်ကျမည့်စီမံကိန်းတစ်ခုကို မကြာသေး မီက ခွင့်ပြုလိုက်သည်။ ယင်းစီမံကိန်းအရ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ကြားကာလတွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ တောင်ပိုင်း၌ ကုန်းလမ်းနှင့် ရေကြောင်းသွားလာရေးကွန်ရက်များကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

ယင်းစီမံကိန်းကို ပြည်နယ်နှင့် မြို့ ၁၃ မြို့တို့တွင် ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကုန်းလမ်းပို့ဆောင်ရေး ကွန်ရက် တိုးတက်စေရန်၊ အဓိကအားဖြင့် ကုန်းလမ်းနှင့် ရေကြောင်းလမ်းသွားလာရေး ကျပ်တည်းနေမှုကို နည်းပါးသွားစေရန်၊ သယ်ယူပို့ဆောင်မှု စရိတ်စက သက်သာစေရန်နှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးလာစေရန် ဖြစ်ကြောင်း ဒေသဆိုင်ရာ ဆိုင်ဂွန်လွတ်မြောက်ရေးအမည်ရှိ သတင်းစာက ဖေဖော်ဝါရီ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြု တပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ အယ်လ်မန်းပြည်နယ် ဆန်ဂျင်ခရိုင်တွင် မိုင်းဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်း၌ ပြည်ပသို့ တင်ပို့မည့် ဟွန်ဒါကားများအား ဖေဖော်ဝါရီ ၂၂ ရက်ကတွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

နိုင်ငံခြားသားအလုပ်သမားများ လှုပ်ရှားသွားလာမှု မလေးရှားအစိုးရ ဥပဒေဖြင့် ကန့်သတ်မည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၂

မလေးရှားနိုင်ငံသည် ရာဇဝတ်ပြစ်မှု ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံခြားသား အလုပ်သမားများ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်နိုင်ရန် ဥပဒေတစ်ရပ်ထုတ်ပြန် ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှိတ်အာမတ်က ပြောကြားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမား ၂ ဒသမ ၆ သန်းရှိသည်။ ပြည်ပလုပ်သားများကို ၎င်းတို့၏ လုပ်ငန်းခွင်တည်ရှိရာနေရာအတွင်း ဆောက်လုပ်ပေးထားသည့် အဆောက်အအုံများ၌သာ စုစုစည်းစည်း ထားရှိမည်ဖြစ်ပြီး ပြင်ပသွားလာခွင့်ကို ထိန်းချုပ်ကန့်သတ်ခြင်းဖြင့် နိုင်ငံခြားသားများ ကျူးလွန်သည့် ရာဇဝတ်ပြစ်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသစ်ပြဋ္ဌာန်းမည့် ဥပဒေအရ ကန်ထရိုက်လုပ်ငန်းရှင်များသည် ၎င်းတို့ငှားရမ်းထားသော ပြည်ပလုပ်သားများကို အလုပ်ခွင်အတွင်း စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ရမည့်အပြင် အလုပ်ချိန်မဟုတ်သည့် အခြားအချိန်များ၌ပါ အလုပ်သမားများ၏ နေထိုင်သွားလာမှုကို တာဝန်ယူရမည်ဖြစ်ကြောင်း ရှိတ်အာမတ်က ပြောကြားသည်။ ***အင်တာနက်။***

ဓာတ်ပုံပညာရှင်သုံးဦး၏ မတူညီသောပုံရိပ်များ

သတင်းဆောင်းပါး

သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပွင့်လင်းရာသီ ရောက်လာသည်နှင့်အမျှ အနုပညာပြပွဲများကို တွေ့မြင်နေရသည်။ ဓာတ်ပုံ ပညာရှင်များ၏ ဓာတ်ပုံပြပွဲများကို ပို၍တွေ့မြင်လာရသည်။

ဓာတ်ပုံဆိုလျှင် ယခင်က အဖြူ အမည်း၊ ဖလင်နှင့် ရိုးရိုးကင်မရာများကာလမှ နောင် ၁၂၀ မမဖလင်၊ မှန်ဘီလူးပြောင်းလဲ တပ်ဆင်နိုင်သည့်ကင်မရာ၊ ထို့နောက်ရောင်စုံဖလင်၊ ဆလိုက်ဖလင် ၃၅ မမဖလင်မှသည် အော်တိုကင်မရာများအဆုံး သုံးစွဲရိုက်ကူးခဲ့ကြသည်။ ယခုအခါ ဒစ်ဂျစ်တယ်ခေတ်သို့ ဝင်ရောက်လာပြီး အရည်အသွေးမြင့်မားသည့် ရောင်စုံဓာတ်ပုံများကို ရိုက်ကူးမှတ်တမ်းတင်လာနိုင်သည့်အခါတွင် ဓာတ်ပုံဝါသနာရှင်များ၏ ပြပွဲများ၌ တင်ပြသည့် ခံစားချက်ဓာတ်ပုံများမှာ ပိုမိုပီပြင်လာပြီး ဓာတ်ပုံအရွယ်အစားကိုလည်း ယခင်ကထက် အရွယ်အစားကြီးမားစွာ ကူးယူပြသနိုင်ကြပြီဖြစ်သည်။

အထူးသဖြင့် ဓာတ်ပုံပြပွဲများမှာ တစ်ကိုယ်တော်ပြသသည်မှာ ရှားပြီး ဝါသနာတူသူချင်း စုပေါင်းပြသသည့် ဓာတ်ပုံပြပွဲများက ပိုမိုများပြားသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ပြပွဲတင်ပြသရာတွင် စရိတ်စကသက်သာစေရန်အတွက် စုပေါင်းပြသကြခြင်းလည်း ဖြစ်သည်။



ဆရာမောင်မောင်လှမြင့်၏ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မွေတော်ကက္ကုစေတီတော်များပုံမှာ တစ်မူထူးခြားနေသည်။

ဆရာ ပုဂံမောင်မောင်၏ "အာနန္ဒာ ဘုရားပွဲတော်မှအပြန်" အမည်ရှိ ဓာတ်ပုံကိုတွေ့ရစဉ်။

၂၀၀၇ ခုနှစ်၏ ပွဲဦးထွက် ဓာတ်ပုံပြပွဲအဖြစ် ဓာတ်ပုံပညာရှင်သုံးဦး၏ Different အမည်ရှိ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဂရင်းမီးရထား ဟိုတယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် (ယနေ့) မှစ၍ ပြသနေသည်။

အဆိုပါ ဓာတ်ပုံပညာရှင်သုံးဦးမှာ ဦးမောင်မောင်လှမြင့်၊ ဦးစိန်မျိုးမြင့်နှင့် (ဦး)ပုဂံမောင်မောင်တို့ဖြစ်ကြပြီး ပြပွဲတင်လက်ရာ ဓာတ်ပုံများမှာ မြန်မာနိုင်ငံရှိ တောင်ပေါ်မြေပြန့် ဒေသအသီးသီးမှ တိုင်းရင်းသားမျိုးနွယ်များ၏ ဓလေ့စရိုက်နှင့် ရှုခင်းရှုကွက်များကို အဓိကထား ပြသထားပြီး မေးမှိန်ပျောက်ကွယ်စ ပြုနေပြီဖြစ်သော အဖြူအမည်းဓာတ်ပုံများကိုပါ ပြသထားသည်။

ကြေးမုံက ရှေးဦးစွာ ဦးမောင်မောင်လှမြင့်အား တွေ့ဆုံမေးမြန်းရာ–

"ငယ်စဉ်ကပင် ပန်းချီရေးဆွဲခဲ့ပြီး အဓိက အသက်မွေးဝမ်းကျောင်းနှင့်အတူ တစိုက်မတ်မတ် ထိတွေ့ခဲ့သည်မှာ ပန်းချီဖြစ်သော်လည်း ဓာတ်ပုံကိုဝါသနာအရ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိရိုက်ကူးခဲ့သည့် ဓာတ်ပုံများကို ဝါသနာတူရာ မိတ်ဆွေများ စုပေါင်း၍ ပြသခဲ့ဖူးပြီး နောင်တွင်လည်း ပြသသွားရန် ရည်ရွယ်ထားပါကြောင်း၊ အထူးသဖြင့် ပန်းချီနှင့်ဓာတ်ပုံမှာ ဆက်စပ်နေသည့် အနုပညာများ ဖြစ်နေရာ နှစ်မျိုးစလုံးကိုပင် စိတ်ဝင်တစားရှိပါကြောင်း" ပြောပြသည်။

ဆက်လက်၍ ဦးစိန်မျိုးမြင့်အား တွေ့ဆုံရာ၌–

"ခရီးသွားဖော်၊ ဓာတ်ပုံရိုက်ဖော် ခင်မင်သူသုံးဦး စုပေါင်း၍ မိမိတို့ ဝါသနာတူများကို ထုတ်ဖော်ပြသလိုရင်းဖြစ်ကြောင်း၊ နေရာအနှံ့သို့ သွားရောက်ဓာတ်ပုံရိုက်ကူးရာတွင် တချို့ဒေသများဆိုလျှင် ရောက်ရှိရန် အတော်ခက်ခဲပါကြောင်း၊ ထိုဒေသများရှိ ရိုးရာဓလေ့စရိုက်နှင့် ပတ်ဝန်းကျင် အလှအပများကို မြင်တွေ့ခံစားရသည့်အခါ အစားကောင်းစားရလျှင် မိတ်ဆွေများကို သတိရသည်ဆိုသည့်အတိုင်း မိမိတွေ့မြင်ခံစားခဲ့ရသည့် မြင်ကွင်းအလှအပများကို မိမိလိုပင် မိတ်ဆွေအပေါင်းအသင်းများနှင့် ဓာတ်ပုံဝါသနာပါသူများ တွေ့မြင်စေလိုသည့် စေတနာဆန္ဒဖြင့် ဤပြပွဲကို ပြသခြင်းဖြစ်ပါကြောင်း" ပြောပြသည်။

တတိယတွေ့ဆုံသူမှာ ပုဂံမောင်မောင်ဖြစ်ပြီး ၎င်းကလည်း "မိမိ၏ အဓိကဆန္ဒမှာ နောင်လာမည့် မျိုးဆက်သစ်လူငယ်များ မိမိလိုပင် ခံစားချက်ဓာတ်ပုံများကို တင်ပြလိုသည့် ဆန္ဒဖြစ်ပေါ်စေရန်နှင့် အထူးသဖြင့် ပုဂံဒေသ၏ မြန်မာ့ရေမြေသဘာဝ အလှအပ ရှေးဟောင်း အနုပညာလက်ရာနှင့် ပတ်ဝန်းကျင်ကို ကမ္ဘာလှည့် ခရီးသည်များမှတစ်ဆင့် ကမ္ဘာက ပိုမိုသိရှိပြီး ဂုဏ်ယူလိုခြင်းမှာလည်း နောက်ဆန္ဒတစ်ခုဖြစ်ရာ ဤဆန္ဒကို မိမိရိုက်ကူးခဲ့သော ဓာတ်ပုံများမှတစ်ဆင့် သိစေလို၍ ဤပြပွဲကို ပြသရခြင်းဖြစ်ပါကြောင်း" ရှင်းပြသည်။

ပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၄ ရက်အထိ ပြသွားမည်ဖြစ်ပြီး ပြပွဲတွင် ၎င်းတို့၏စိတ်ကြိုက် လက်ရာ ဓာတ်ပုံ ၅၀ ပြသထားသည်။ ဓာတ်ပုံအနုပညာကို မြတ်နိုးကြသော ပရိသတ်များ ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်ပါကြောင်း အသိပေးလိုက်ရပါသည်။

(ကြေးမုံ)

ဆရာစိန်မျိုးမြင့်၏ အပေါ်စီးမှ ရိုက်ကူးထားသည့် လှေကားထစ်လယ်ယာ အမည်ရှိ ဓာတ်ပုံကို တွေ့ရစဉ်။



သီတဂူ ရေအလှူတော် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ဒေါပုံမြို့နယ်)မှ ကြီးမှူးကျင်းပမည့် သီတဂူ ရေအလှူတော် အထူးတရားပွဲကို ဒေါပုံမြို့နယ် အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ရာ မတ်၄ရက်တွင် အရှင်ခေမာသီရိလင်္ကာရ(သီတဂူကြာတစ်ပွင့်) ရွှေပြည်ဟိန်းဆရာတော်၊ မတ်၅ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း–ခင်မကန်တိုက်)၊ မတ်၆ရက်တွင် ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်) တို့က နေ့စဉ် ညနေ ၆နာရီခွဲမှစတင်၍ တရားတော်များဟောကြားမည်ဖြစ်၍ ဓမ္မမိတ်ဆွေ သူတော်စင်များ ကြွရောက်နာကြားကြရန် နိုးဆော်ထားသည်။ သီတဂူရေအလှူတော်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးဝင်းဇော်–ဖုန်း–၀၉–၅၁၃၂၈၀၂၊ ၀၁–၅၅၈၈၅၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အဂ္ဂမဟာပဏ္ဍိတဂုဏပူဇာသဘင် သန်လျင်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသအား ဂုဏပူဇာသဘင်ကို မတ် ၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနား၏ အကြိုတရားပွဲများအဖြစ် မတ် ၂ရက်တွင် ဖြူးမဟာစည်ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတသာရ၊ မတ် ၃ရက်တွင် မြိုင်ဆရာတော် ဘဒ္ဒန္တ ပညာဇောတတို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပုလောမြို့နယ်အသင်း (ရန်ကုန်) ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့နယ်ဖွား ရှပ်ပုံရွာ၊ ဆီတောင်သာသနာ့ရိပ်သာကျောင်းတိုက် ဦးစီးနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကုဏ္ဍလနှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရှပ်ပုံရွာ၊ ကျောင်းကြီးကျောင်းတိုက်မှ ဘဒ္ဒန္တ အာဒိစ္စတို့အား ပုလောမြို့နယ်အသင်း(ရန်ကုန်)က မတ် ၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းတိုက်၌ ထပ်ဆင့် ချီးကျူးပူဇော်မည်ဖြစ်သည်။ မြို့နယ်သူ ၊ သား၊ အသင်းသူ၊အသင်းသားများ တက်ရောက်ပူဇော်နိုင်ကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဦးမောင်လှ(ဥက္ကဋ္ဌ) ဖုန်း–၅၁၄၉၆၉၊ ၂၂၃၅၅၉၊ ဦးဘမြင့်(ဒု–ဥက္ကဋ္ဌ) ဖုန်း–၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့် (ဒု–ဥက္ကဋ္ဌ)ဖုန်း–၂၉၆၉၆၂၊ ဦးကျော် (ဒု–ဥက္ကဋ္ဌ) ဖုန်း–၃၈၇၀၈၄၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း–၂၂၈၀၃၃၊ ဦးချစ်ထွေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း–၇၀၆၁၇၇ နှင့် အသင်းတိုက် ဦးသန်းဝင်း ဖုန်း–၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အလက(၁)တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်၍ ကန်တော့ခံ ဆရာ၊ ဆရာမများမှ ကျောင်းသို့ ဆက်သွယ်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆရာဦးမြင့်သိန်းနှင့် ဆရာမဒေါ်အေးမြင့်ကြည်–ကျောင်းဖုန်း–၅၅၄၁၇၅၊ ဦးသိန်းနိုင် ဖုန်း–၅၅၅၁၇၇၊ဦးသက်တင် ဖုန်း–၇၁၇၅၆၈၊ ဦးထွေးစံဖြူ ဖုန်း–၀၉၅၁၆၂၀၃၈၊ မတင်မမနိုင် ဖုန်း–၅၅၄၃၆၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်ဟုသိရသည်။ (ပညာရေး)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

ရှင်စောမြတ်စေတီဘုရားပွဲ ဓမ္မသဘင်

လပွတ္တာမြို့နယ် လပွတ္တာလုပ်ရွာ ရှင်စောမြတ်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ အရှင်မြတ်က တရားတော်များ ဟောကြားမည်ဖြစ်သည်။

ကုန်းလည်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ငါန်းဇွန်မြို့နယ် ကုန်းလည်ကျေးရွာ လေးလက်မ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းတွင် စက်ရေတွင်းအနီးမုခ်ဦး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နိုင်၊ ရန်ကုန်မြို့ ရွှေအင်အားကုမ္ပဏီလီမိတက်မှ ဦးတင်မောင်မြင့်၊ ဒေါ်တင်တင်နွယ်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစက်ရေတွင်းမှာ တစ်နာရီ ရေဂါလန် ၁၄၀၀ ထွက်ရှိပြီး ဂါလန်၂၀၀၀ဆံ့ ရေစုကန်နှစ်လုံး၊ ရေစက်ရုံတစ်လုံးတို့ကို အလှူရှင် လှူဒါန်းငွေကျပ် ၁၅၉သိန်းဖြင့် ကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွန်ကရစ်တံတား တည်ဆောက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ၁ ၈ပေ၊ အုတ်ခုံခံကွန်ကရစ်တံတားတစ်စင်းကို အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်မော်မော်သိန်းက တာဝန်ခံဆောက်လုပ်ပြီးမှု အခြေအနေကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူးဦးသိန်းမြင့်တို့ ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတား ဆောင်ရွက်ပေးခြင်းအားဖြင့် မြို့သစ်၊ အောင်နန်း၊ ခေမာသီရိရပ်ကွက်များနှင့် ရမ်ပူ၊ ကြက်ပေါင်ခြံရပ်ကွက်များ ဆက်သွယ်သွားလာမှု ကောင်းမွန်မည်ဖြစ်သည်။

ပန်းတနော်အသင်း စတုဒိသာကျွေးမွေးမည်

ပန်းတနော်မြို့၏ သမိုင်းဝင်ရှေးဟောင်း ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ (၁၀၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ရန်ကုန်ရောက် ပန်းတနော်မြို့နယ်သူ၊ မြို့နယ်သားများက ၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့တွင် သွားရောက်ပြီး ဘုရားပွဲလာ ဧည့်ပရိသတ်များအား စတုဒိသာ နံနက်စာထမင်း ကျွေးမွေးမည်ဖြစ်ရာ လိုက်ပါလိုသော အသင်းသူ၊ အသင်းသားများ မတ် ၂ ရက် နံနက် ၆နာရီအရောက် ပန်းတနော်အသင်းတိုက်(ရန်ကုန်) အမှတ်(၁၇၃/၁၇၅) အောက်ကြည့်မြင်တိုင်လမ်းမကြီး (အလုံ)သို့ လာရောက်ကြရန် နှိုးဆော်ထားသည်။

ငွေသော်တာကွင်း၌ တစ်ချက်တည်းကျင်းဝင်

Mrs. E.H.Kimသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁၂နာရီ မိနစ်၂၀တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၃၃ကိုက် အကွာမှ Top Point-oo ဘောလုံးကို IRON-NO-8တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော Mrs. Cho Yeun Hee နှင့် Mrs. Ji Young Inတို့အတူကစားလျက်ရှိကြောင်း သတင်းရရှိသည်။(ကြေးမုံ)

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၂၃ရက်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen (B) Dato Paduka Haji Mohd Yusuf bin Abu Bakar **နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။**(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးကာကွယ်ရေးပစ္စည်းများ ရန်ကုန်တိုင်းအတွက် စတင်ဖြန့်ဖြူး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့အရ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပြည်သူလူထုပညာပေးလုပ်ငန်းတစ်ရပ်အဖြစ် ပိုစတာ၊ လက်ကမ်းစာစောင်နှင့် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အင်းစိန်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံဒိုင်နှင့် ယူနီဆက်မှ Chief Programme Communication & Information, Ms Susan Aitkinတို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေး အစားအစာနှင့်နို့ထွက် ပစ္စည်းလုပ်ငန်း၊ ယူနီဆက်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

စတင်ပေးပို့

အဆိုပါ ပစ္စည်းများကို ပြည်သူလူထု၏ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကောင်းမွန်သည့် အပြုအမူ အလေ့အကျင့်များ ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှတစ်ဆင့် မြို့နယ်အသီးသီးရှိ မွေးမြူရေးခြံ၊ ရုံး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးများသို့ ဖြန့်ဖြူးပညာပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အခမ်းအနားအပြီးတွင် ရန်ကုန်တောင်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှတစ်ဆင့် ဖြန့်ဖြူးပေးမည့် ပိုစတာ၊ လက်ကမ်းစာစောင်၊ ဆပ်ပြာ၊ လက်အိတ်နှင့် နှာခေါင်းစည်းများကို စတင်ပေးပို့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	မဟာပရိတ္တတရားတော် (သီတဂူဆရာတော် အရှင်ဉာဏိသရ)
၈း၁၀	ပျော်ရွှင်ကစားမြွေလှေကား
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (သစ်ခေါင်းပျားမွေးမြူရေး သင်တန်း)
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အဏ္ဏဝါ၏သားကောင်းများ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅	အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည်
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	ကလေးတို့အတွက်လက်ဆောင် (အင်္ကျီ၊ကျီးကန်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	Movie Talk (Short Film) (အပိုင်း-၂)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ဆီးသီး၏အသုံးဝင်မှုများ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၇း၁၀	Fulham-Man Utd.	5-Sports(Live)
၉း၂၅	Charlton-West Ham	5-Sports(Live)
	Liverpool-Sheffield	5-Series(Live)
	Middlesbrough-Reading	5-Cartoons(Live)
၁၁း၄၀	Watford-Everton	5-Series(Live)
၁၂း၀၀	Middlesbrough--Reading	5-Sports(SDD)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၁၅	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။ မြဝတီအဖွင့်
၁၂း၀၅	၂။ အဖွင့်သီချင်း
၁၂း၁၀	၃။ မျိုးချစ်တပ်မတော်
၁၂း၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "ညွှန်းစာဖွဲ့လို့မမီ" (ညွှန့်ဝင်း၊ လူမင်း၊ ဝါဝါဝင်းရွှေ၊ ထက်ထက်မိုးဦး)**
၁း၅၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၅	၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄း၃၅	၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။ နိုင်ငံတကာသတင်း
၆း၂၀	၈။ မိုးလေဝသသတင်း
၆း၂၅	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၂၃)**
၈း၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။ **FA CUP ဘောလုံးပွဲ - Liverpool Vs Sheffield United**
	၁၇။ သင့်အတွက်မနက်ဖြန်
	၁၈။ အပိတ်နှုတ်ဆက်စကား
	၁၉။ ပြီးပါပြီ။

ဟားခါးမြို့နှင့် လယ်ဝေးမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄နာရီခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့ လယ်ဟောင်ရပ်ကွက် အိမ်အမှတ်(၁၂၀) အိမ်ငှား ဒေါ်နီထွေး၏ နံကပ်နှစ်ထပ်သွပ်မိုး လက်ဖက်ရည်ဆိုင်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှု စတင်ဖြစ်ပွားသည်။ မီးလောင်ရာသို့ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၃ဦးနှင့် တာဝန်ရှိသူများက စုပေါင်းငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ကျွမ်းကာ လူကိုးဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၂ရက် ညနေ ၃နာရီခန့်တွင် လယ်ဝေးမြို့ သစ်ဆိမ့်ပင်ကျေးရွာနေ အိမ်ရှင် ဦးအေး၏ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀တို့ စုပေါင်းငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် တဲငါးလုံးနှင့် ပျဉ်းခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ
မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

(၄)ရပ်ပြည်တွင်းရေးဦးတည်ချက်

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဇာတိမာန်နိုး မျိုးဂုဏ်ရည်

❒ သူတို့နိုင်ငံ၊ သူတို့ဟန်နှင့်
သူ့စံသူ့ထုံး၊ သူတို့သုံးကာ
နှလုံးမွေ့လျော် ပျော်ပါစေ။
ပျော်သလိုသာ နေပါလေ။
မုဒိတာပွား မေတ္တာဝေ။

❒ ဒို့စံဒို့ဟန်၊ ဒို့နိုင်ငံနှင့်
သူ့စံသူ့ဟန်၊ သူ့နိုင်ငံသည်
ခံယူချက်များ၊ မတူခြား၏။
လေးစားလိုက်နာ၊ ထုံးစဉ်လာနှင့်
ရိုးရာအလိုက်၊ ကျင့်စရိုက်လည်း
အကြိုက်မညီ၊ တစ်မူစီတည့်။

❒ တစ်မူစီခြား၊ ဓလေ့များကို
အမှားဟုမြင်၊ မငြိုငြင်နှင့်
ဆင်ခြင်ကင်းမဲ့၊ မကဲ့ရဲ့နှင့်
ချိုးဖဲ့ဝန်တို၊ ပြစ်ဖွဲ့ဆိုပြီး
မလိုမုန်းတီး၊ အတ္တကြီးသည့်
သူ့နည်းသူ့ဟန်၊ လက်မခံဘု
ဒို့စံဒို့ထုံး၊ ဒို့ကျင့်သုံးကာ
နှလုံးမွေ့လျော် ပျော်ပိုက်သည်။
ဝံသာနုစိတ် မြတ်နိုးတည်။
ဇာတိမာန်နိုး မျိုးဂုဏ်ရည်။ ။

ရေနံ့သာမောင်ကျော်ညွန့်

* ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မြစ်သားမြို့နယ်နှင့် ကျောက်ဆည်ခရိုင်အတွင်း ၂၀၀၆-၂၀၀၇ခုနှစ်တွင် ရေသောက်နည်းလမ်းများအလိုက် နွေစပါးစိုက်ပျိုးရန်လျာထားမှု၊ ပျိုးထောင်ပြီးစီးမှု၊ စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးသာမက ဝါ၊ ပဲနှင့် နှမ်းတို့ကို တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားကာ ရွှေနန်းတော်စိုက်ကွင်း၌ စိုက်ပျိုးသည့် မနောသုခ၊ ရွှေမြန်မာ၊ ရွှေသွယ်ရင်၊ ရေဆင်းလုံးသွယ်၊ ဆင်းသွယ်လတ်မျိုးများနှင့် အားဖြည့်မြေဩဇာများ၊ ဇီဝစုပါရွက်ဖျန်း မြေဩဇာများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနှင့် တံတားဦးမြို့နယ်များ၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စုစုပေါင်း နွေစပါး ၇၄၆၀၂ ဧက စိုက်ပျိုးရန် လျာထားရာ ၅၀၀၈ ဧက စိုက်ပျိုးပြီးဖြစ်၍ ကျန်စိုက်ဧကများကို မတ်လအပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ စိုက်ပျိုးရေး ဇုဟိုသုတေသနခြံ၌ စိုက်ပျိုးမြေ ၆၁ ဧကတွင် ရေဆင်းလုံးသွယ်အမျိုးအစား နွေစပါးများ စိုက်ပျိုးထားရှိမှုနှင့် ဆောင်းသီးနှံဆင်းသွယ်လတ်(၄) ကုလားပဲမျိုးနှင့် ဆင်းရွှေကြာ(၂) နေကြာသီးနှံ သီးညှပ်စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်ရှိ ကျောက်ဆည်ခရိုင် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ကျောက်ဆည်ခရိုင်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ၃၁၃၀၂ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ ၂၂၂၁၁ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့နယ် သိန္ဓိကုန်းကျေးရွာအုပ်စုရှိ လယ်မြေ ဧက ၂၅၀ ၌ ဓါးတောမြောင်းရေသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော မနောသုခနွေစပါးနှင့် ပျိုးပင်များပျိုးထောင်ထားရှိမှု၊ လယ်ယာသုံးလက်တွန်းထွန်စက်များ အသုံးပြု၍ မြေပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးရာ စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေက စဉ့်ကိုင်မြို့နယ်အတွင်း ရေရရှိရေးနည်းလမ်းများအလိုက် ၂၀၀၆-၂၀၀၇ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ မြေပြုပြင်ပြီးစီးမှုတို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ပျိုးရေများကို အကျိုးရှိစွာ အသုံးချရေး၊ စပါးများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများအား အချိုးကျအသုံးပြုသွားရန် မှာကြားသည်။

စဉ့်ကိုင်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဧက ၁၉၀၅၀ လျာထားရာ ဧက ၁၉၅၀ စိုက်ပျိုးပြီးစီး၍ လျာထားဧကပြည့်မီအောင် မတ်လအပြီး စိုက်ပျိုးသွားမည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မန္တလေးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ရွှေလင်ပန်းတံတား
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၂၅ ၇။ **"ရိုးသားစွာကြိုးစားပါ" (ထွန်းထွန်းဝင်း၊ဦးစောနိုင်-ရှမ်းပြည်၊ဦးရဲစိန်၊ကြည်စိုး-အိုင်စီ၊မြင့်မြင့်ခိုင်၊ဟိဏ်းထက်ဇော်၊ဝီယ၊မောင်သူရဦး) (ဒါရိုက်တာ-မြင့်စိုး-ဝ/သ ရန်ကုန်)**
၁:၀၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁:၂၀ ၉။ ဂုံညင်းတံတား
၁:၃၀ ၁၀။ အကပြိုင်ပွဲ
၁:၄၅ ၁၁။ **မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၂:၀၀ ၁၂။ အတီးပြိုင်ပွဲ
၂:၁၅ ၁၃။ သက်တံရောင်သံစဉ်
၂:၃၀ ၁၄။ ငါ့သရောက်ရေလှောင်တမံ
၂:၄၅ ၁၅။ International News.
၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
၅:၀၅ ၆။ မြင်းခြံစိန်ဗိုလ်သင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀ ၁၂။ တွေ့ဆုံဆွေးနွေးရေး--- တွေ့ဆုံဆွေးနွေးရေးဟု ဆိုတာ (အပိုင်း-၅)
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်"(အပိုင်း-၄)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း-၂၇)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့၌ ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာသန်းဦးနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည့် ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်မည့် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ (Maternity Waiting Home) စီမံချက်လုပ်ငန်း အသိပေးဆွေးနွေးခြင်းနှင့် ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး အမှုဆောင်ညွှန်ကြားရေးမှူးက မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စီမံချက်ပံ့ပိုးငွေကျပ် သိန်း ၅၀၊ စက်ဘီးနှစ်စီးနှင့်ငွေကျပ် ၂၅သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်က ပေးအပ်ရာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးက လက်ခံယူသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ကလေးမြို့ မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံစီမံချက်အတွက် ပံ့ပိုးငွေကျပ် သိန်း ၅၀ ၊ စက်ဘီးနှစ်စီးနှင့် ကျပ် ၂၅သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်ထံ ပေးအပ်စဉ်။ (မိခင်/ကလေး)

ထို့နောက် မိခင် ရင်သွေး ကျန်းမာရေးရိပ်မြုံ ဆောက်လုပ်မည့် မြေနေရာကို သွားရောက် ကြည့်ရှုကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အမှုဆောင် ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စောမူနှင့် အတွင်းရေးမှူး ဒေါက်တာ မောင်မောင်အောင်ကျော်တို့နှင့်အတူ ဟားခါးမြို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာ အရုပ်များကို မြို့နယ်အသင်း၊ မူကြိုကျောင်းနှင့် အသင်းပိုင် သားဖွားခန်းတို့အတွက် ပေးအပ်လှူဒါန်းသည်။

ထို့နောက် AG ဘုရားရှိခိုးကျောင်း၊ RC ဘုရားရှိခိုးကျောင်း၊ ဇိုင်းအုံနှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ဟားခါးနှစ်ခြင်း ဘုရားရှိခိုးကျောင်းနှင့် ကျိန်နွဲ့ ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်ပြီး သက်ဆိုင်ရာ သိက္ခာတော်ရ ဆရာတော်များ၊ အသင်းတော်ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဗဟိုအလုပ်အမှုဆောင်က အလှူငွေကျပ် နှစ်သိန်းတစ်သောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ ငွေကျပ် ၂၅သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ကစားစရာအရုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖလမ်းမြို့နယ် နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ဇိုမီးဘုရားရှိခိုးကျောင်းနှင့် RC ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်ပြီး သက်ဆိုင်ရာ သိက္ခာတော်ရဆရာတော်များ၊အသင်းတော်ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အလှူငွေကျပ် ကိုးသောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြစ်ဆယ်ပါးတို့ကို ပယ်ရှားပြုပြင် ဆင်ခြင်တော်မူကြ၍ ဂုဏ်အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဇေကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသော အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။



ဩဝါဒကထာမြွက်ကြားတော်မူ

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဇေကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဇေကူနဝီသတိမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော် အရှင်မြတ်တို့သည် မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စ စသည်တို့ကို ငဲ့ကွက်မပြု လျစ်လျူရှုတော်မူကြ၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြလျက် ကာယ, စိတ္တ နှစ်ဝအညီ သာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဤအစည်းအဝေးသည် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဇေကူနဝီသတိမ) အစည်းအဝေးဖြစ်၍ ပဋ္ဌမအကြိမ် ခြောက်နှစ်သက်တမ်းအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နောက်ဆုံးအစည်းအဝေးဖြစ်ပါသည်ဘုရား။

ဆဋ္ဌမအကြိမ် ခြောက်နှစ်သက်တမ်းတွင် ပထမ သုံးနှစ်သက်တမ်းအတွက် (၂၅ ရာခိုင်နှုန်း) အနားယူတော်မူခြင်း၊ အစားထိုး ရွေးချယ်ခြင်းများကိုလည်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီမံချက် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်တော်မူကြရမည် ဖြစ်ပါသည်ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ခြင်းများကို ဆောင်ရွက်တော်မူကြရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလ ဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်များကို စိစိစစ်စစ် ရွေးချယ်တော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၌ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလ ဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်များ များစွာပါဝင်လာမှသာ သာသနာတော်သန့်ရှင်းရေး၊ သာသနာတော် အဓွန့်ရှည်စွာတည်တံ့ရေး၊ သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားရေး ဟူသော တပည့်တော်တို့၏ ရည်မှန်းချက် ပန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါသည်ဘုရား။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည့်အလျောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ယုံကြည်ကိုးစား အားထားလောက်သော ဂုဏ်နှင့်ပြည့်စုံအောင် သတိသမ္ပဇဉ် အမြဲယှဉ်နေတော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ သို့မှသာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးလည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ အားလုံးတို့ ယုံကြည်ကိုးစားအားထားလောက်သော၊ နက်နဲသော ဂမ္ဘီရပရိသတ်တွင် ပါဝင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

မြတ်စွာဘုရားသည် အင်္ဂုတ္တရပါဠိတော် ဒုကနိပါတ်ပရိဝဂ်၌–

"ဒွေမာ ဘိက္ခဝေ ပရိသာ၊ ကတမာ ဒွေ ဥတ္တာနာ စ ပရိသာ ဂမ္ဘီရာစ ပရိသာ" စသည်ဖြင့် ပေါ်လွင်သော ဥတ္တာနပရိသတ်၊ နက်နဲသော ဂမ္ဘီရပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးကို ဟောတော်မူခဲ့ပါသည် ဘုရား။ **(အံ၊၁၊၇၀)**

ထိုနှစ်မျိုးတို့တွင် ဤသာသနာတော်၌ အပ်/မအပ်၊ အပြစ်ကင်း/မကင်း တွေဝေခြင်းအားဖြင့် ပျံ့လွင့်ကုန်သော၊ အနှစ်မပါ အချည်းနှီးသာဖြစ်လျက် မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော မာနရှိကုန်သော၊ လျှပ်ပေါ်လော်လီကုန်သော၊ ရိုင်းစိုင်းကြမ်းကြုတ်သည့် စကားရှိကုန်သော(ဝါ) နှုတ်ထွက်ကြမ်းတမ်းကုန်သော၊ နှုတ်မစောင့်စည်းဘဲ ဖရိုဖရဲ ဖွာကြဲသော စကားရှိကုန်သော၊ သတိလွတ်ကင်းကုန်သော၊ ကောင်းစွာ ဆင်ခြင်မသိမြင်တတ်ကုန်သော၊ တည်ကြည်မှု သမာဓိ မရှိကုန်သော၊ အာရုံအများ လှည့်လည်သွားနေသော စိတ်ရှိကုန်သော၊ လူ၏သွင်ပြင်ပေါ်လွင်သော ဣန္ဒြေရှိကုန်သော ရဟန်းတို့ပါဝင်နေသော ပရိသတ်သည် ပေါ်လွင်သော ဥတ္တာနပရိသတ်မည်ပါသည်။ **(အံ၊၁၊၇၀)**

မပျံ့လွင့်ကုန်သော၊ မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော မာနမရှိကုန်သော၊ မလျှပ်ပေါ် မလော်လီကုန်သော၊ အပြောအဆို မကြမ်းတမ်းကုန်သော၊ နှုတ်စောင့်စည်းသဖြင့် ဖရိုဖရဲဖွာကြဲသော စကားမရှိကုန်သော၊ အာရုံ၌ကပ်၍ တည်သော သတိရှိကုန်သော၊ ကောင်းစွာ ဆင်ခြင်သိမြင်တတ်ကုန်သော၊ တည်ကြည်မှုသမာဓိ ရှိကုန်သော၊ အာရုံတစ်ခုတည်းရှိသည့် စိတ်ရှိကုန်သော၊ ဣန္ဒြေကို စောင့်စည်းကုန်သော ရဟန်းတို့ပါဝင်နေသော ပရိသတ်သည် နက်နဲသော ဂမ္ဘီရပရိသတ် မည်ပါသည်။

ဤပရိသတ် နှစ်မျိုးတို့တွင် နက်နဲသော ဂမ္ဘီရပရိသတ်သည် အမြတ်ဆုံးဖြစ်သည်ဟု မြတ်စွာဘုရား ဟောတော်မူပါသည်ဘုရား။ **(အံ၊၁၊၇၀၊၇၁)**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နက်နဲသော ဂမ္ဘီရပရိသတ် ဖြစ်နေမှသာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော တပည့်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ဥဒ္ဒတ၊ ဥန္နဠ အစရှိသော အပြစ်ဆယ်ပါးတို့ကို ပယ်ရှားပြုပြင် ဆင်ခြင်တော်မူကြ၍ အနုဒ္ဒတ၊ အနုန္နဠ အစရှိသော ဂုဏ်အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ ကြကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို နက်နဲသော ဂမ္ဘီရပရိသတ်တွင် ပါဝင်အောင် မြှင့်တင်ပေးတော်မူကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

✻ ပဋ္ဌမအကြိမ်မှ

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဩဝါဒကထာမြွက်ကြား

ထို့နောက် သဘာပတိ နိုင်ငံတော် သံဃမဟာနာယအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက လည်းကောင်း၊ ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်း လျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဇေကူနဝီသတိမ (၁၉ ကြိမ်မြောက်) အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဇေကူနဝီသတိမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပါရမီရိပ်သာမြစံပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းနေ ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မတစ်စုတို့က ဆရာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၆၅ လမ်းနေ ရွှေသရဖူကုမ္ပဏီမှ ဦးကျော်ဝင်း–သီရိသုဓမ္မသီဂီ ဒေါ်ခင်ဆွေဦး မိသားစုက ဖေဖော်ဝါရီ ၂၀ ရက်တွင် အရုဏ်ဆွမ်းအလှူ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြည်ထောင်စုလမ်းနေ ဦးမင်းသိန်း–ဒေါ်မိုးမိုး မိသားစုက နေ့ဆွမ်းအလှူ၊ ရန်ကုန်မြို့ တောင်ဥက္ကလာပ ဂေါက်ကွင်းနေ ဦးမြင့်ဦး–ဒေါ်ဘုတ် မိသားစုက ဖေဖော်ဝါရီ ၂၁ ရက်တွင် အရုဏ်ဆွမ်းအလှူ၊ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၁ လမ်းနေ ဟသ်ာမင်း စာအုပ်ချုပ်လုပ်ငန်းမှ ဦးအေးတင်–ဒေါ်ကြူကြူမိသားစုက နေ့ဆွမ်းအလှူ၊ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၈ လမ်းနေ ဦးတင်မိုး–ဒေါ်အေးရှင်၊ ဦးစိန်ဝင်း–ဒေါ်မဥ္ဇူထွန်း မိသားစု၊ ဦးအောင်နိုင်ထွန်း (ခေါ်) အောင်အောင် – မစိုးစိုးအေးတို့က ဖေဖော်ဝါရီ ၂၂ရက်တွင် တစ်နေ့တာ ဆွမ်းအလှူတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။
(သတင်းစဉ်)

● မလေးရှားမှ

ယင်းစက္ကူကို ထုတ်လုပ်ရာ၌ အသုံးပြုရသော နည်းစဉ်သည် ရိုးရှင်းသော နည်းစဉ်ဖြစ်ပြီး စက်ကိရိယာမပါဘဲလည်း ပြုလုပ်နိုင်သည်ဟု မိုဟာမက်နာဂျစ်က ပြောကြားသည်။ ငှက်ပျောပင် တစ်ပင်လျှင် စက္ကူအရွယ်အစား (A-4) စက္ကူ ၁၁ ရွက် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

အလားအလာရှိ

ငှက်ပျောပင်မှ ထုတ်လုပ်သော စက္ကူသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချမည် ဆိုပါက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်လာနိုင်သည့် အလားအလာရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

❀ မြန်မာ့ပုလဲမှ

အကျိုးတူ ပူးပေါင်းပုလဲများ အပါအဝင် စုစုပေါင်း ပုလဲအတွဲပေါင်း ၅၁၅ တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉ လုံး၊ အလေးချိန် ၅၆၁၈၈ ဒသမ ၅၅ မိုမီ ရောင်းချသွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည် ပေါင်း ၃၀ ကျော်တို့ တက်ရောက်၍ ဝယ်ယူကြမည်ဖြစ်သည်။

"မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇" တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များသည် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပုလဲရောင်းချရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး မြန်မာ့ပုလဲရောင်းချပွဲကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့ မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲကုန်သည်များက ပုလဲအတွဲပေါင်း ၉၅ တွဲကို ဝယ်ယူ အားပေးကြသည်။

"မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇"ကို ဖေဖော်ဝါရီ ၂၄ ရက်အထိ နံနက် ၈နာရီမှ ညနေ ၄ နာရီအတွင်း ပြည်ပနိုင်ငံများမှ ပုလဲကုန်သည်များအား တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဖခင်ကြီးများဖြစ်ကြသော ဦးကြိုင်နှင့် ဦးအောင်မျိုးတို့အား ရည်စူး၍ ရန်ကုန်ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခင်မောင်မြင့်–ဒေါ်မေထားအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုကျော်ထင်ဇော်(ကျော်ကြီး) ဖုန်း– ၀၉၅၁၈၁၈၇၀၊ ကိုဌေးလှိုင် ဖုန်း– ၇၀၇၀၇၈၊ မအိမွန်သန့် ဖုန်း–၂၄၆၅၃၀၊ မကြည်နွယ်နွယ်အောင်(အတူး) ဖုန်း– ၅၂၄၇၃၉၊ မအိငွေဖြူ ဖုန်း–၀၉–၈၀၂၁၂၀၀နှင့် မမြသန္တာဦး ဖုန်း– ၅၃၈၂၀၇၊ ၅၀၂၁၈၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တန်ဖိုးမြှင့်ကုန်ချောများ တိုးတက်ထုတ်လုပ်တင်ပို့ရေး ဦးတည်ကြိုးပမ်းနေသည့် ငါး၊ ပုစွန် ရေထွက်ကုန်လုပ်ငန်း

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

သားငါးထုတ်လုပ်မှုကဏ္ဍ၏ အဓိက နိုင်ငံခြားငွေရရှိမှုတွင် မြန်မာ့ရေထွက်ပစ္စည်းများဖြစ်သော ရေချို၊ ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။ ယခင်က ငါး၊ ပုစွန်ကို ပြည်တွင်းစားသုံးမှုအတွက်သာ ဖမ်းဆီးထုတ်လုပ်လျက်ရှိရာမှ ပြောင်းလဲလာသော စီးပွားရေးစနစ်၊ ပြည်ပနိုင်ငံများ၏စားသုံးမှု လိုအပ်ချက်တို့ကြောင့် ငါး၊ ပုစွန်များကို ပြည်တွင်း စားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်သည်အထိတိုးတက်ထုတ်လုပ်လျက်ရှိနေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ငါး၊ ပုစွန်မွေးမြူ ထုတ်လုပ်သူများ၏ လူမှုစီးပွားရေး အဆင့်အတန်းမြှင့်တင်ရန်နှင့် ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာလ ၂ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ကြေးမုံသတင်းအဖွဲ့သည် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ချက်များ၊ လက်ရှိဈေးကွက်အခြေအနေ၊ တင်ပို့ရောင်းချနေသော ရေထွက်ပစ္စည်းများ၏ အလားအလာတို့ကို သိရှိတင်ပြနိုင်ရန်အတွက် ဘုရင့်နောင်လမ်းမရှိ အသင်းတည်ရှိရာသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်နှင့် တွေ့ဆုံခဲ့ရာ **“ ကျွန်တော်တို့အသင်းရဲ့ ရည်ရွယ်ချက်ကတော့ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးကောင်း ထုတ်ကုန်တန်ဖိုးမြင့်ပစ္စည်းများ အဆင့်အတန်းမြင့်မားစွာ ထုတ်လုပ်ရောင်းချနိုင်ဖို့အတွက် ရည်ရွယ်ပြီး ရေထွက်ပစ္စည်းပို့ကုန် လုပ်ငန်းရှင်တွေရယ်၊ မွေးမြူထုတ်လုပ်သူတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပါတယ်။ အသင်းရဲ့ဆောင်ရွက်ချက်တွေအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ ပို့ကုန်ကိစ္စရပ်များ၊ ကဏန်း၊ ငါးရှဉ့်တင်ပို့မှုနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများ၊ နယ်စပ်ဒေသများတွင် ပုစွန်ကုန်စည်ဒိုင်ဖွင့်လှစ်ပြီး တစ်ဖက်နိုင်ငံသို့ လေလံစနစ်ဖြင့်ရောင်းချရန် ဒေသခံ ပုစွန်မွေးမြူသူများ၊ ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းမှုများ၊ ကျွန်တော်တို့နိုင်ငံရဲ့ ရေထွက်ကုန်ပစ္စည်းတွေကို နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် အင်တာနက်ဝက်ဘ်ဆိုဒ်တွေနဲ့ လွှင့်တင်ထားတဲ့အပြင် နိုင်ငံတကာကုန်စည်ပြပွဲများမှာ မြန်မာနိုင်ငံရဲ့ ရေထွက်ပစ္စည်းပြခန်းတွေကို သွားရောက်ပြသခဲ့ပါတယ်”**ဟု အသင်း၏ ဆောင်ရွက်ချက်အချို့ကို ပြောပြသည်။

ဆက်လက်ပြီး ဈေးကွက်အခြေအနေနှင့် ပတ်သက်၍လည်း “ဈေးကွက်အနေနဲ့က ကျွန်တော်တို့ဘက်မှာ အလွန်ကောင်းတဲ့ အလားအလာပါ၊ ဘာကြောင့်လဲဆိုတော့ ၂၀၀၆ ခုနှစ် ဧပြီလမှာ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးကို ဖွင့်လှစ်လိုက်တယ်။ နယ်စပ်ကုန်သွယ်ရေးကနေ ပုံမှန်ကုန်သွယ်ရေးကို ပြောင်းလဲဆောင်ရွက်တဲ့အတွက် ဝယ်ယူသူနဲ့ ရောင်းချသူ နှစ်ဦးနှစ်ဖက် အကျိုးရှိပြီးတော့ ထုတ်လုပ်၊ ဖမ်းဆီးသူတွေအတွက်လည်း ရသင့်ရထိုက်တဲ့ အမြတ်အစွန်းတွေ ပိုမိုရရှိလာတယ်။ အရင်က ကျွန်တော်တို့ဆီကတင်ပို့တဲ့ ပစ္စည်းတွေက အဓိကတော့ ကဏန်း၊ ငါးရှဉ့်တွေပေါ့။ ဒါတွေကို ကျွန်တော်တို့က ကုန်ကြမ်းအနေနဲ့ အရှင်တွေကို တင်ပို့တယ်။ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ရတဲ့အခါကျတော့၊ ဒါတွေကို မပျက်မစီးရအောင် အချိန်အကန့်အသတ်ရှိတယ်။ အဲဒီအခါကျတော့ တစ်ဖက်ရဲ့ ဈေးကစားမှုကိုခံရတယ်။ အခုကုန်သွယ်ရေးဇုန်ကြီးဖွင့်လိုက်တဲ့ အခါကျတော့ ဒီမှာကျွန်တော်တို့ အအေးခန်းစက်ရုံတွေ ဆောက်ထားတယ်။ ဆက်သွယ်မှုတွေကောင်းလာတော့ ဈေးကွက်က ကျွန်တော်တို့ ဈေးကွက်ဖြစ်လာတယ်”ဟု အားတက်ဖွယ်ကြားသိရသည်။

ထို့ပြင် မြန်မာ့ရေထွက်ပစ္စည်းများ၏ အနာဂတ်အလားအလာနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ **“ရေထွက်ပစ္စည်း ပို့ကုန်များအနေနဲ့ ရေရှည်တင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနကသတ်မှတ်ထားတဲ့ ညွှန်ကြားချက်စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ လိုအပ်မှာဖြစ်သလို ကျွန်တော်တို့ဆီက ထုတ်လုပ်နေတဲ့ ပြည်ပပို့ကုန်တွေဟာ များသောအားဖြင့်ကုန်ကြမ်းအဆင့်မှာပဲ ရှိသေးတယ်။ ဒါတွေကို တန်ဖိုးမြှင့် ကုန်ချောအဖြစ် ပိုမိုထုတ်လုပ်နိုင်မယ်ဆိုရင် ဒီထက် အကျိုးအမြတ်တွေပိုမိုရရှိလာပါမယ်။ လက်ရှိအခြေအနေမှာလည်း ပုစွန်နဲ့ငါး အသားလွှာတွေကို ကုန် ချောအဖြစ်နဲ့ ထုပ်ပိုးတင်ပို့နေတဲ့ အအေးခန်း စက်ရုံတွေ ကျွန်တော်တို့ဆီမှာ ရှိနေပါပြီ။ နောက်တစ်ခုက ရေထွက်သယံဇာတတွေ မပြုန်းတီးဖို့နဲ့ ရေရှည်ထုတ်လုပ်နိုင်ရန်အတွက် သဘာဝပင်လယ်ပြင်ကနေ ဖမ်းဆီးခြင်းအပြင် မွေးမြူခြင်းကိုလည်း ဆောင်ရွက်ဖို့လိုပါမယ်။ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့အတူ ကျွန်တော်တို့အသင်းအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ဒေသခံမွေးမြူသူတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပါတယ်၊ ၂၀၀၆-၂၀၀၇ခုနှစ်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးစားနေပါတယ်”** ဟု ပြောကြားသွားသည်။

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန် ရှင်းလင်းပြောကြားစဉ်။

အအေးခန်းစက်ရုံအတွင်း စံချိန်စံညွှန်းမီ ရေငန်ကျားပုစွန်တုပ်များအား စနစ်တကျရွေးချယ် ချိန်တွယ်နေစဉ်။

ဆက်လက်၍ ပုစွန်ကို ကုန်ချောအဖြစ် ပြည်ပသို့ထုပ်ပိုးတင်ပို့လျက်ရှိသော လှိုင်သာယာစက်မှုမြို့ စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းရှိ အသင်း အတွင်းရေးမှူး ဦးထွန်းအေး၏ ရွှေယမုံအအေးခန်းစက်ရုံသို့ သွားရောက် လေ့လာခဲ့ပါသည်။

ရွှေယမုံအအေးခန်း စက်ရုံသည် တန် ၇၅၀ ဆံ့ အအေးခန်းစက်ရုံဖြစ်ပြီး ပုစွန်အဓိကထုပ်ပိုးတင်ပို့သော စက်ရုံဖြစ်သည်။ ဒေသအသီးသီးမှ ထွက်ရှိလာသော ပုစွန်များကို စံချိန်စံညွှန်းမီ အဆင့်ခွဲခြားသတ်မှတ်ရွေးချယ်ပြီးသန့်ရှင်းစင်ကြယ်အောင် ဆေးကြောကာ Chemicalပါဝင်မှုစစ်ဆေးခြင်း၊ ခဲပါဝင်မှုရှိမရှိ စစ်ဆေးခြင်းတို့ကို ခေတ်မီစက်ကိရိယာများဖြင့် အဆင့်ဆင့်ဆောင်ရွက်ပြီး ဝယ်ယူသူ၏ မှာကြားချက်ပေါ် မူတည်၍ ၁ဒသမ ၈ကီလိုဂရမ်၊ ၂ကီလိုဂရမ် အလေးချိန်ရှိ ဘလောက်တုံးများအဖြစ် အပူချိန် (-၄၅) ဒီဂရီစင်တီဂရိတ်တွင် အေးခဲစေပြီး ဘက်တီးရီးယားသေစေနိုင်သောအပူချိန် (-၁၈)ဒီဂရီစင်တီဂရိတ်ဖြင့် အအေးခန်းတွင် သိုလှောင်ထားရသည်။

ပုစွန်များတွင် ခဲပါဝင်မှု ရှိ၊ မရှိ Mini Lab ဖြင့် စစ်ဆေးစဉ်။

လက်ရှိဈေးကွက်အနေအထားအရ ဂျပန်နိုင်ငံသို့ အဓိကတင်ပို့ပြီး ဥရောပနိုင်ငံများဖြစ်သော ဂျာမနီ၊ ပေါ်တူဂီ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ စပိန်စသည့် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံတွင်သာ ထွက်ရှိသော Sea Tiger ခေါ် ရေငန်ကျားပုစွန်တုပ်ကြီးမျိုးသည် အခြားအာဆီယံနိုင်ငံများတွင် မရှိသောကြောင့် ဈေးကွက်တွင် လူကြိုက်များလျက်ရှိကြောင်း သိရသည်။

ဈေးကွက်သို့တင်ပို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကားလမ်းဖြင့် သယ်ယူပို့ဆောင်ပြီး ဂျပန်နှင့် ဥရောပနိုင်ငံများသို့ သင်္ဘောဖြင့် တင်ပို့နေသည်။ အပူချိန်(-၁၈)ဒီဂရီစင်တီဂရိတ်ရှိ အအေးခန်းတွင် သိုလှောင် သိမ်းဆည်းထားပါက စတင်ထုတ်လုပ်သည်မှ နှစ်နှစ်အထိ အထားခံသည်ဟု သိရသည်။ လက်ရှိတင်ပို့ရာတွင် ဂျပန်သို့တင်ပို့မည်ဆိုပါက အနည်းဆုံး ရက် ၂၀ ကြာပြီး ဥရောပနိုင်ငံများသို့ တင်ပို့ပါက တစ်လခွဲခန့်ကြာမြင့်ကြောင်း သိရသည်။

ထုတ်လုပ်တင်ပို့မှုအနေဖြင့် လက်ရှိ ပုစွန်ထုတ်လုပ်မှုအပြင် အရှေ့အလယ်ပိုင်းဒေသ ဈေးကွက် လိုအပ်ချက်အရ ငါးမြစ်ချင်းငါးအသားလွှာအဖြစ် ကုန်ချောထုတ်လုပ် စမ်းသပ်တင်ပို့နေကြောင်းလည်း သိရသည်။

နိုင်ငံတော်၏အားပေးမြှင့်တင်မှုနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်ငန်းများ အနက်မှ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့မှုအကြောင်းကို တစေ့တစောင်း တင်ပြလိုက်ရပါသည်။ ။

အော်စကာ ဆုပေးပွဲအခမ်းအနား ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၃

ဟောလီဝုဒ် ရုပ်ရှင်လောက၏ အော်စကာ(အကယ်ဒမီ) ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဟောလီဝုဒ်ရှိ ကိုဒတ်ရုပ်ရှင်ခန်းမဆောင်၌ ကျင်းပတော့မည်ဖြစ်သည်။

ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ဝိဇ္ဇာနှင့် သိပ္ပံအကယ်ဒမီက နှစ်စဉ်ချီးမြှင့်ပေးသော အော်စကာဆုများအတွက် အမည်စာရင်းတင်သွင်းနိုင်ရန် အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ဝင် ၁၃၁၁ ဦးက မဲပေးရွေးချယ်ခဲ့ကြသည်။

(၇၉) ကြိမ်မြောက် အကယ်ဒမီဆုများအတွက် အမည်စာရင်း တင်သွင်းခံထားရသော ဇာတ်ကားများအနက် အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်–

အကောင်းဆုံးဇာတ်ကားဆု

Babel
The Departed
Letters From Iwo Jima
Little Miss Sunshine
The Queen

အကောင်းဆုံးဒါရိုက်တာဆု

Clint Eastwood (Letters From Iwo Jima)
Stephen Frears (The Queen)
Paul Greengrass (United 93)
Alejandro Gonzales Inarritu (Babel)
Martin Scorsese (The Departed)

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု

Leonardo Dicaprio (Blood Diamond)
Ryan Gosling (Half Nelson)
Peter O'Toole (Venus)
Will Smith (The Pursuit of Happyness)
Forest Whitaker (The Last King of Scotland)

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု

Penelope Cruz (Volver)
Judi Dench (Notes on a Scandal)
Helen Mirren (The Queen)
Meryl Streep (The Devil Wears Prada)
Kate Winslet (Little Children)

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု

Adriana Barraza (Babel)
Cate Blanchett (Notes on a Scandal)
Abigail Breslin (Little Miss Sunshine)
Jennifer Hudson (Dreamgirls)
Rinko Kikuchi (Babel)

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု

Alan Arkin (Little Miss Sunshine)
Jackie Earle Haley (Little Children)
Djimon Hounsou (Blood Diamond)
Eddie Murphy (Dreamgirls)
Mark Wahlberg (The Departed)

အကောင်းဆုံးကာတွန်းရုပ်ရှင်ဆု

Cars
Happy Feet
Monster House

အကောင်းဆုံးဇာတ်ညွှန်းဆု

Borat
Children of Men
The Departed
Little Children
Notes on a Scandal

အကောင်းဆုံးမူလဇာတ်ညွှန်းဆု

Babel
Letters From Iwo Jima
Little Miss Sunshine
The Queen
Pan's Labyrinth

အကောင်းဆုံးတေးဂီတဆု

Babel
The Good German
Notes on Scandal
Pan's Labyrinth
The Queen

အင်တာနက်

Dreamgirls **ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံရသူ ဂျနီဖာဟက်ဆန်အား လူတွေ့မေးမြန်းခန်း၌ တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

မိုင် ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲ တောင်ငူ–ညောင်လေးပင် ခရီးစဉ် ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ တောင်ငူ–ညောင်လေးပင် ခရီးစဉ်ဖွင့်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲတွင် တောင်ငူမြို့ မိုင်ဒါ အားကစားကွင်းရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးထွန်းမြတ်က သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် တောင်ငူမြို့မှ အုတ်တွင်း၊ ဖေယျာဝတီ၊ဖြူး၊ ကညွတ်ကွင်း၊ တောကျွဲအင်း၊ ပဲနွယ်ကုန်းနှင့် ကျောက်တံခါးမြို့တို့ကို ဖြတ်သန်းစီးနင်း၍ ညောင်လေးပင်မြို့ ဆည်မြောင်း ဦးစီးဌာနရုံးရှေ့သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ တောင်ငူ–ညောင်လေးပင်ခရီးစဉ်သည် ၇၇မိုင် ကွာဝေးသည်။

တောင်ငူ–ညောင်လေးပင် ခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသီရိရတနာခန်းမ၌ ကျင်းပရာ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးစောစံဒိုက တတိယရရှိသော အောင်နိုင်လင်း (ရှမ်းပြည်နယ်–တောင်ပိုင်း)အား ငွေကျပ်တစ်သောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်တင့်က ဒုတိယရရှိသော မျိုးသူ (မန္တလေးတိုင်း)အား ငွေကျပ်နှစ်သောင်းနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အမှုဆောင် ဦးမျိုးမင်းက ပထမရရှိသော ဇော်မင်းထွန်း (ရှမ်းပြည်နယ်–တောင်ပိုင်း)အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီကို ပေးအပ်ချီးမြှင့်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်ဖြစ်သော ညောင်လေးပင်–ရန်ကုန် ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ညောင်လေးပင်မြို့ ဆည်မြောင်းဦးစီးဌာနရုံး ရှေ့မှ စတင်တာလွှတ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းဘောလုံးပွဲ ဆက်လက်ကျင်းပ မြန်မာ့မီးရထားနိုင်၊ ပြည်ထဲရေးနှင့်စွမ်းအင် သရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ မြန်မာ့မီးရထားအသင်းက သစ်တောရေးရာအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ပြည်ထဲရေးအသင်းနှင့် စွမ်းအင်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။

သုဝဏ္ဏကွင်း

ပြည်ထဲရေးအသင်း– ဂိုးမရှိ။
စွမ်းအင်အသင်း– ဂိုးမရှိ။
ဒိုင်လူကြီး ဦးဝင်းကျော်ဦး။

ယနေ့ပွဲအပြီးတွင် ပြည်ထဲရေးအသင်းက (၁၁)ပွဲကစား လေးပွဲနိုင်၊ ငါးပွဲ ရေ၊ နှစ်ပွဲ ရှုံး၊ ကိုးဂိုးသွင်း၊ ရှစ်ဂိုးပေး၊ (၁၇)မှတ်ဖြင့် ပဉ္စမနေရာတွင်လည်းကောင်း၊ စွမ်းအင်အသင်းက (၁၁)ပွဲ ကစား သုံးပွဲနိုင်၊ လေးပွဲ သရေ၊ လေးပွဲ ရှုံး (၁၅)ဂိုးသွင်း၊ (၁၈) ဂိုးပေး၊ (၁၃)မှတ်ဖြင့် နဝမနေရာတွင်လည်းကောင်း ရပ်တည်နေသည်။

အောင်ဆန်းကွင်း

မြန်မာ့မီးရထား– သုံးဂိုး။
(ဇော်မျိုးသက်–နှစ်ဂိုး)
(ကျော်သက်ဦး–တစ်ဂိုး)
သစ်တောရေးရာ– တစ်ဂိုး။
(စည်သူမောင်)
ဒိုင်လူကြီး ဦးလှသန်းမောင်။

သစ်တောရေးရာအသင်းမှာ ဂိုးစတင်သွင်းယူနိုင်သော်လည်း အနိုင်ကိုမထိန်းနိုင်၍ မြန်မာ့မီးရထားက သုံးဂိုးပြန်သွင်းပြီး အနိုင်ယူကာ သုံးမှတ်အပြည့်ယူသွားခြင်းဖြစ်သည်။

၁၅မိနစ်တွင် စည်သူမောင်က သစ်တောအတွက် ဂိုးစတင်သွင်းယူပြီး ၂၄မိနစ်နှင့် ၃၈မိနစ်တွင် ဇော်မျိုးသက်က မြန်မာ့မီးရထားအတွက် နှစ်ဂိုးပြန်လည် သွင်းယူခဲ့သည်။ မြန်မာ့မီးရထားအတွက် တတိယဂိုးကို ၆၃မိနစ်တွင် ကျော်သက်ဦးက သွင်းယူသွားခြင်းဖြစ်သည်။

ယနေ့ပွဲအပြီးတွင် မြန်မာ့မီးရထားအသင်းက (၁၁)ပွဲကစား လေးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး၊ ၂၀ဂိုးသွင်း၊ ၂၁ဂိုးပေး ၁၆မှတ်ဖြင့် ဆဋ္ဌမနေရာတွင်လည်းကောင်း၊ သစ်တောရေးရာအသင်းက ၁၀ပွဲကစား နိုင်ပွဲမရှိ၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး၊ ၁၅ဂိုးသွင်း၊ ၂၃ဂိုးပေး ကိုးမှတ်ဖြင့် အဆင့် ၁၁နေရာတွင်လည်းကောင်း ရပ်တည်နေသည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ညနေ ၃နာရီ
ဒုတိယတန်း၊ တတိယတန်း၊ ကွင်းပိတ်ရှုံးထွက်ပြိုင်ပွဲ (ဗိုလ်လုပွဲ)
ရန်ကုန်တိုင်း လူငယ်နှင့် ပထပ

(သုဝဏ္ဏကွင်း)

ညနေ ၃နာရီခွဲ
မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ ဆက်/စာ/ကြေးနှင့် လျှပ်စစ်စွမ်းအား

(ကြေးမုံ)

အင်တာနက် အားကစားသတင်းများ

အာရှထိပ်တန်း ဘောလုံးကလပ်အသင်းများ ပြုပြင်ပြောင်းလဲရန် အဆိုပြု

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၃

အာရှဒေသရှိ ထိပ်တန်းဘောလုံးကလပ်အသင်းများအနက် အသင်း ၁၀ သင်းသည် စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်စွမ်း ပိုမိုတိုးတက်လာစေရန်လည်းကောင်း၊ ဘောလုံးပရိသတ် ပိုမိုဆွဲဆောင်နိုင်စေရန်လည်းကောင်း ပြုပြင်ပြောင်းလဲမည့် အဆိုပြုချက်တစ်ရပ်ကို အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ) က ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

အေအက်ဖ်စီဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန် အဆိုပြုတင်ပြသော အာရှဘောလုံးကလပ်များ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ဂျပန် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆာဘူရိုကာဝါဘူချီကလည်း ထောက်ခံသည်။

အာရှဘောလုံးကလပ်အသင်းများ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သည် မိမိတို့အတွက် အထူးစီမံကိန်းတစ်ရပ်ပင်ဖြစ်ကြောင်း ကာဝါဘူချီက ပြောကြားသည်။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် အကျုံးဝင်သည့် ဘောလုံးကလပ်အသင်းများမှာ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ အီရန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့မှ ဖြစ်ကြသည်။ *အင်တာနက်*

မန်စီးတီးအသင်း အင်အားတောင့်တင်းရေး ပြင်ဆင်ဖွဲ့စည်းရန် ကြိုးပမ်းနေ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ယခုနှစ်နွေရာသီတွင် မန်ချက်စတာစီးတီးအသင်းကို အင်အားခိုင်မာတောင့်တင်းသည့် ဘောလုံးကလပ်အသင်းအဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ယင်းအသင်း၏ မန်နေဂျာ စတုအက်ပါစီက ကြိုးပမ်းလျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အပြိုင်အဆိုင်

မန်ချက်စတာ စီးတီးအသင်းကို ခိုင်မာတောင့်တင်းသည့် ကလပ်အသင်းအဖြစ် ဖွဲ့စည်းနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလိုအပ်ကြောင်း၊ ယခုလောလောဆယ်တွင် ရင်းနှီးမြှုပ်နှံသူလေးဦးတို့က မန်စီးတီးအသင်း၏ အစုရှယ်ယာများ ဝယ်ယူနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြောင်း ပါစီက ပြောကြားသည်။ *အင်တာနက်*

ဖေဖော်ဝါရီ ၁၆ ရက်က အင်္ဂလန်ပရက်စတန်မြို့တွင် ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၌ မန်ချက်စတာစီးတီးအသင်းမှ ဂျိုင်းဘာတန် (ဝဲ) နှင့် ပရက်စတန်နော့သ်သန်းအသင်းမှ ဒင်နီပါ့ဂ်ျတို့အားတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ရီးဒင်း ကွင်းလယ်ကစားသမား ခွဲစိတ်ကုသမှု ထပ်မံခံယူရမည်

ရီးဒင်း(အင်္ဂလန်) ဖေဖော်ဝါရီ ၂၃

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ရီးဒင်းအသင်းမှ ကွင်းလယ် ကစားသမား ဘော်ဘီကွန်ဗေးသည် ဒူးခေါင်းထိခိုက်ဒဏ်ရာအတွက် ထပ်မံ၍ ခွဲစိတ်ကုသမှုခံယူရ မည်ဖြစ်သဖြင့် လက်ရှိဘောလုံးရာသီ၏ ကျန်ရှိသောပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက်(၂၃)နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား ကွန်ဗေးသည် ဂျာမနီနိုင်ငံတွင် လွန်ခဲ့သည့်နှစ်က ကျင်းပခဲ့သော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွင်း ဒူးခေါင်း၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် ဒူးခေါင်းထိခိုက်မှုအတွက် ဒီဇင်ဘာလတွင် ပထမအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးဖြစ်သည်။

ကွန်ဗေးသည် အောက်တိုဘာလမှစ၍ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိတော့သဖြင့် ၎င်း၏ နေရာတွင် စတီဗင်ဟန့်က အစားထိုးကစားခဲ့သည်။ *အင်တာနက်*

ဖျာပုံ-ကျိုက်လတ်-ကျိုက်ထော်-ရန်ကုန် ရွှေပြည်သစ်အမြန်ရေယာဉ် တိုးချဲ့ပြေးဆွဲနေ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ် ဌာနခွဲသည် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းအတွင်း ရေကြောင်းလမ်းခရီးသွားများသွားလာမှု အဆင်ပြေစေရေးအတွက် ပို့ဆောင်ရေးကဏ္ဍသစ်ဖြစ်သော ဖျာပုံ-ကျိုက်လတ်-ကျိုက်ထော်-ရန်ကုန် နေ့ချင်းပြန်ခရီးစဉ်ကို ဇန်နဝါရီ ၁၉ရက်က ရွှေပြည်သစ်အမြန်ရေယာဉ်ဖြင့် တိုးချဲ့ပြေးဆွဲခဲ့သည်။ခရီးစဉ်များကို အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့များတွင် ဖျာပုံမှ နံနက် ၇နာရီတွင်ထွက်ခွာ၍ လမ်းခရီးစဉ်အဖြစ် ကျိုက်လတ်-ကျိုက်ထော်မြို့များတွင် ဆိုက်ကပ်ပြီး ရန်ကုန်သို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိမည် ဖြစ်သည်။ တစ်ဖန်ရန်ကုန်လမ်းမတော်မြို့နယ်၊ လမ်းသစ်ဆိပ်ကမ်းမှ ညနေ ၃နာရီတွင် ပြန်လည် ထွက်ခွာ၍ ဖျာပုံသို့ ည ၈နာရီရောက်ရှိမည်ဖြစ်သည်။

ဝန်ဆောင်မှုများ

ဝန်ဆောင်မှုများအဖြစ် အထက်တန်းတွင် လေအေးပေးစက်နှစ်လုံး၊ ရုပ်မြင်သံကြားစက်တစ်လုံး၊ ရိုးရိုးတန်းတွင် လေအေးပေးစက်လေးလုံးနှင့် ရုပ်မြင်သံကြားစက်တစ်လုံးတို့ကို ထားရှိပေးထားသည်။ လုံခြုံရေးအတွက် အသက်ကယ်ဘောများ၊ အသက်ကယ်အင်္ကျီများ ပါရှိပေသည်။ ဖျာပုံ-ရန်ကုန် အထက်တန်းစီးခရီးသည် တစ်ဦးလျှင်ကျပ် ၃၀၀၀၊ ရိုးရိုးတန်းတွင် ကျပ်၂၅၀၀ဖြစ်သည်။ တစ်ဖန် ကြားခရီးစဉ်တွင် ဖျာပုံ-ကျိုက်လတ်-ကျိုက်ထော်ခရီးစဉ်တွင် အထက်တန်းကျပ် ၈၀၀၊ ရိုးရိုးတန်း ကျပ် ၆၀၀ဖြစ်သည်။ ရန်ကုန်-ကျိုက်ထော်ခရီးစဉ်အတွက် အထက်တန်းကျပ် ၂၅၀၀၊ ရိုးရိုးတန်းကျပ် ၁၅၀၀ ဖြစ်သည်။ ဖျာပုံမှရန်ကုန်မြို့အထိ ရေလမ်းကြောင်း အကွာအဝေးမှာ ၆၄မိုင်ဖြစ်သည်။

ခရီးသည်များအနေဖြင့် အသေးစိတ်သိရှိလိုပါက လမ်းမတော် လမ်းသစ်ဆိပ်ကမ်း ဖုန်း ၀၁-၂၂၄၇၂၊ ၂၂၂၄၇၅၊ ၂၂၂၄၆၉ နှင့် ဖျာပုံမြို့ ဖုန်း ၀၄၅-၄၀၄၀၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမြမောင်-ဒေါ်ခင်လှတို့၏
သားထွေး
မောင်သန်းဆွေ
(Sunfar Shipping Co.,Ltd)
နှင့်
ပဲခူးမြို့နေ Dr. ရန်လင်းမြင့်-ရန်ကုန်မြို့နေ
Dr. ဒေါ်စန်းသီ တို့၏ သမီးထွေး
Dr. အေးအေးခိုင်
[သရုပ်ပြ ဆေး(၁) ရန်ကုန်]
တို့သည် နှစ်ဖက်လူကြီးများ ရှေ့မှောက်တွင် (၂၃-၁-၂၀၀၇) နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။
မောင်သန်းဆွေ-Dr. အေးအေးခိုင်

လက်ပံတန်းမြို့နယ်အသင်းအစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို မတ်၄ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၁)လမ်းထောင့်ရှိ သီရိလင်္ကာခမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာ သီးသန့် ပေးပို့ခြင်းမရှိပါသဖြင့် အသင်းဝင်ပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ ရန်ကုန်တိုင်းအတွင်း နေထိုင်သူလက်ပံတန်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး အစည်းအဝေး တက်ရောက်ကြပါရန်နှင့် အဆိုပါအစည်းအဝေးကြီးတွင် မိတ်ဆုံစားပွဲ၊ အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးများ ပူဇော်ပွဲ၊ စာပေဆုချီးမြှင့်ပွဲ၊ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပထမရရှိသူများကို ပညာရည်ချွန်ထောက်ပံ့မည်ဖြစ်ရာ အထောက်အထားနှင့်အတူ တက်ရောက်ဆုယူနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကိုကို (အင်ဂျင်နီယာမှူး၊ တံတားဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သန်းသန်းချစ်တို့၏သားကြီး
မောင်လှိုင်ဝင်းကို A.G.T.I (MP)
M.Sc. (Engg; Physics (YU) နှင့်
ရန်ကုန်မြို့နေ ဦးကြည်ဆန်း (Eastwind Co.,Ltd. Singapore)-ဒေါ်ခင်စန်းသီ(စီမံရေးရာဌာန၊မြို့တော်စည်ပင်) တို့၏သမီးကြီး
မခိုင်ဝင့်ဝါ B.A (English)
Dip in Accounting (LCCI, UK)
Dip in Global English (YU)
Dip in Computer Studies

တို့၏ ၃-၂-၂၀၀၇နေ့ရက် နေအိမ်၌ မင်္ဂလာလက်မှတ်ရေးထိုးပေးသော မြို့နယ်တရားသူကြီး ဒေါ်ခင်နုသာအားလည်းကောင်း၊ ၁၀-၂-၂၀၀၇ ရက်(စနေနေ့)တွင် Dusit Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒေါက်တာချစ်(ဒုတိယဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်ကြည်ကြည်ညွန့်၊ မင်္ဂလာ လက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မြထူး၊ မေတ္တာဖြင့် ရတနာများ ဆင်မြန်းပေးပါသော စိန်လှိုင်း စိန်တိုက်မှ ဒေါက်တာဦးလှလွင်နှင့် ဇနီးဒေါ်ဆွေဝါကြူတို့အား လည်းကောင်း၊ သတို့သားအရံ ဒေါက်တာ သက်နိုင်၊ သတို့သမီးအရံ မဝင့်မာလာအောင် ၊ မင်္ဂလာပန်းကြဲပေးသော မဖြူသွယ်နှင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မစုမြတ်မေဇွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မခိုင်ဇင်သိန်းနှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသာ ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှ ဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Dusit Inya Lake Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။
နှစ်ဖက်သော မိဘများနှင့် မောင်လှိုင်ဝင်းကို-မခိုင်ဝင့်ဝါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘ/၉၂၅၄ **Toyota Corolla S/W** ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန်းနိုင်ဦး၊ မှတ်ပုံတင်အမှတ် ၁၂/လမန(နိုင်)၀၆၈၇၅၉မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **က-ည-န၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်မြို့)**

၂၀၀၅-၂၀၀၆ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို အမက (၆) မူလွန်ကျောင်း၊ လှိုင်မြို့နယ်တွင် ကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသော မခင်ပန်းမြတ်စံအား မြို့နယ် လက်ထောက်ပညာရေးမှူး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

လှိုင်စင်မဲ့ဆိုင်ကယ်ပေါများ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်

စာတည်းရှင့်-

မော်လမြိုင်မြို့တွင် လိုင်စင်မဲ့ ဆိုင်ကယ်များ များပြားလျက် ရှိပါသဖြင့် ယာဉ်အန္တရာယ်ကင်းစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မော်လမြိုင်သူ**

(၃၀)ရပ်ကွက် အတွင်းလမ်း ကတ္တရာခင်းပေးစေလို

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက်အတွင်းရှိ သခင်ဗဟိန်းလမ်းအပိုင်း (ဘုရင့်နောင်လမ်းမနှင့် ဗိုလ်ဆွန်ပက်လမ်းကြား)မှာ ပျက်စီးလျက်ရှိပြီး မိုးရာသီတွင် ခရီးသွားများ မကြာခဏ ချော်လဲကြပါသည်။ ရပ်ကွက်ပြည်သူများက အုတ်ခဲကျိုးများ၊ သဲအိတ်များဖြင့် ကိုယ့်အားကိုယ်ကိုး ပြုပြင်သော်လည်း အောက်ခံမြေသားပျော့သဖြင့် ပြုပြင်၍မရပါ။ ၎င်းလမ်းအပိုင်းတွင် ကျောင်းနှင့် ဒဂုံရွှေပြည်ဈေးရှိရာ လမ်းသွားလမ်းလာများသောကြောင့် အဆိုပါလမ်းအား ရာသီမရွေး သွားလာနိုင်ရေးအတွက် ကတ္တရာလမ်း ခင်းပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

(၁၉)ရပ်ကွက် အမှိုက်ပုံ သိမ်းဆည်းပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) စံပြရပ်ကွက် နံ့သာမြိုင်လမ်းမနှင့် ဥယျာဉ်လမ်းမထောင့်ရှိ အမှိုက်ပုံကြီးကို ပုံမှန်သိမ်းဆည်းခြင်းမရှိပါ၍ အမှိုက်များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပါသည်။ **(အောက်ပုံ)** ထို့အပြင် အမှိုက်များ မြောင်းအတွင်းသို့ ကျရောက်နေခြင်းကြောင့် ရေစီးရေလာကောင်းမွန်မှုမရှိဘဲ အနံ့အသက်ဆိုးများ ထွက်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှိုက်ပုံအား ပုံမှန်သိမ်းဆည်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူများ**

စက်ရုံရေဆိုးနှံ့ ဆောင်ရွက်ပြီးစီး

၁၇-၂-၂၀၀၇ ရက်နေ့ ထုတ် ကြေးမုံသတင်းစာပါ ဟင်္သာတမြို့ ကုန်းကြီးရပ်ကွက် နတ်မော်လမ်းရှိ ကပ်စေးနဲ့စက်ရုံမှ ထုတ်လွှတ်သော ရေဆိုးအနံ့ကြောင့် ပတ်ဝန်းကျင် ကျန်းမာရေးထိခိုက်ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ရှင်းလင်းဆောင်ရွက်ပြီး

၇-၁၀-၂၀၀၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဝက်လက်မြို့ မြို့မဈေးမြောက်ဘက်တန်း အမှိုက်ပုံ ရှင်းပေးပါ ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

တရားမဝင်ဓာတ်ဆီဆိုင် ရှင်းလင်းဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် စော်ဘွားကြီးကုန်း လမ်းဆုံအနီးရှိ နံ့သာမြိုင်ပန်းခြံရှေ့၌ ၂၃-၁၁-၂၀၀၆ ရက်တွင် တရားမဝင် ဓာတ်ဆီ၊ ဒီဇယ်နှင့် စက်သုံးဆီများ ရောင်းချနေသူများကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပါသည်။

၎င်းတို့သည် မီးလောင်ပြီး နောက်ရက်မှစ၍ ယနေ့အထိ စက်သုံးဆီများ စည်းကမ်းမဲ့ ထားသိုရောင်းချနေမှုကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပြီး ထိုကဲ့သို့ မီးလောင်မှုဖြစ်ပွားပါက လူနေအိမ်များအပြင် အမှတ်(၄၅)ကားလိုင်း ဂိတ်ဆုံး နေရာဖြစ်၍ ယာဉ်နှင့်ခရီးသည်များအတွက်လည်း အန္တရာယ်ရှိနေပါသဖြင့် အဆိုပါ တရားမဝင် စက်သုံးဆီဆိုင်အား ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **နံ့သာကုန်းရပ်ကွက်သားများ**

စားသောက်ဆိုင်ဆူညံ ပတ်ဝန်းကျင်နားမခံသာ

စာတည်းခင်ဗျား-

ကလောမြို့နယ် အောင်ပန်းမြို့ ပြည်သူ့ဆေးရုံအနီး လမ်းမကြီးရှိ စင်တင်တေးဂီတ စားသောက်ဆိုင်မှ ဆူညံသံများ ညစဉ်ထွက်ပေါ်လျက်ရှိရာ ဆေးရုံရှိ လူနာများနှင့် ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက်ဖြစ်လျက်ရှိပါသည်။သို့ဖြစ်ပါ၍ အဆိုပါစားသောက်ဆိုင်အား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အောင်ပန်းသား**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

မီးစက်သံ ဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် အေးရိပ်မွန်အိမ်ရာ အေးရိပ်မွန် (၅)လမ်းနှင့် ရတနာမွန် (၁)လမ်းထောင့်ရှိ အိမ်တစ်အိမ်တွင် မီးစက်ကို ညလုံးပေါက်ဖွင့်ထားသောကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

ထို့အပြင် တစ်ညလုံး မီးစက်ဖွင့်ထားသည့်အတွက် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မီးစက်သံ ဆူညံနေမှုအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဆူညံသံမခံနိုင်သူ

ကျူးကျော်ဆိုင်ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း ၃၉လမ်းနှင့် လမ်း ၄၀ ကြားရှိ မီးစက်ဘေးတွင် ကွမ်းယာနှင့် ပစ္စည်းမျိုးစုံ ရောင်းချနေသော ကျူးကျော်ဆိုင်တစ်ဆိုင်ရှိပါသည်။ ၎င်းဆိုင်ရှင်သည် မဖွယ်မရာစကားများ ပြောဆိုနေသောကြောင့် ပတ်ဝန်းကျင်ရှိ အမျိုးသမီးများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဆိုင်အား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **အမြင်မတော်သူ**

ASIA Language & Business Academy

All classes are taught by Native Teachers

Summer School 2007
(5-14 Yrs)

Discounts Available

Monday ~ Friday
March - April – May

Enroll Now!

- တစ်မူထူးခြားသော နိုင်ငံတကာ ပညာရေး သင်ရိုးညွှန်းတန်းများဖြင့် သင်ကြားသည်။
- လူကြီးတန်း နှင့် လူငယ်တန်း မျိုးစုံရှိသည်။
- အတန်းတိုင်းကို အတွေ့အကြုံပြည့်ဝသော Native Trainer များဖြင့်သင်ကြားသည်။
- သင်ကြားရေးထောက်ကူပစ္စည်းများစုံလင်သည်။ ကြိုးမဲ့ အင်တာနက် စနစ်များ တစ်ကျောင်းလုံး တပ်ဆင်ထားသည်။

66 Shwedagon Pagoda Road, Dagon Township, Yangon
Tel/ Fax: +95-1-384055, Tel: 720966, 4411113

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅-၂-၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/-နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်-

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇-၄၁၄၅၉၂၊
စီမံရေးရာဌာန – ၀၆၇-၄၁၄၂၈၉။

ရှုခင်းသာ ပျော်ပွဲရွှင်ပွဲနှင့် ဈေးပွဲတော်

နေ့ရက် - ၂၈-၂-၂၀၀၇ မှ ၄-၃-၂၀၀၇ ထိ နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ

- နေ့စဉ် နာမည်ကြီးအဆိုတော်များ၊ Hip Hop Band များ၏ ဖျော်ဖြေမှုများ၊
- ချစ်သုဝေကိုယ်တိုင် လာရောက်ရွေးချယ်ပေးမည့် ချစ်သုဝေသီချင်းဆိုပြိုင်ပွဲ၊ မည်သူမဆို အခမဲ့ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲဝင်လျှောက်လွှာများကို စတင်လက်ခံနေပါပြီ။
- **ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ** - သာကေတရှုခင်းသာ ခေတ်မီဘက်စုံကစားကွင်း၊ (ဘိလိယက်ခန်းမ) ဖုန်း-၇၂၇၅၉၁ ၊ ၀၉၈၀-၂၂၅၀၈၊ ၀၉၉၉-၂၃၆၈၄ သို့ ဆက်သွယ်နိုင်ပါသည်။

Sponsored by ကောင်းကြိုက် ဒံပေါက်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဖျာပုံမြို့၊ အမှတ် (၁၇၃)၊ ရတနာလမ်း၊ ၄ရပ်ကွက်နေ
ဦးသန့်ဇင်-ဒေါ်အုန်းမေတို့၏သား
ဗိုလ်ကြီး သီဟစိုး B.Sc (DSA),MEP.(Yu)
တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ ဟိုပုံးမြို့
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊
အမှတ်(၄၃၁)၊(၁၅)လမ်း၊ (၃)ရပ်ကွက်နေ
ဦးစိုးပိုင်-ဒေါ်သီတာမြင့်တို့၏ တစ်ဦးတည်းသောသမီး
မမေသူအောင် (B.Sc Engineering Food Technology)
B.Act (Final Year)

တို့သည် ၁၅-၂-၂၀၀၇ရက်တွင် တောင်ဥက္ကလာပနေအိမ်၌ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးသီဟစိုး-မမေသူအောင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၉/၁၂) ရွှေပြည်သာမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးညီပု(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန-ဒေါ်မြင့်မြင့်သိန်း (အထပြ-ငြိမ်း)တို့၏သား
ဗိုလ်ကြီးမိုးမင်းထွန်း B.Sc(D.S.A), M.Sc (Chemistry), Ph.D (Prelim)
နှင့်
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၈)လမ်း၊ အမှတ်(၂၁၉)နေ
ဦးသန်းဌေး Master Mariner (F.G)-ဒေါ်မာလာမြင့်တို့၏ သမီး
မတင်ဇာဖြိုး(ခ) ပုံ့ပုံ့ B.Ed

တို့သည် နှစ်ဖက်သော လူကြီးမိဘများ ရှေ့မှောက်တွင် ၁၁-၂-၂၀၀၇ (တနင်္ဂနွေနေ့)၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမိုးမင်းထွန်း-မတင်ဇာဖြိုး

ဦးထွန်းဇော်ဝင်း(ခ) Mr. George (Myanmar Bridgement Co.,Ltd. Panasonic Battery)
နှင့်
ဒေါ်ခင်မို့မို့တင် (Triple Fish Co.,Ltd.) တို့၏ ဆောက်လုပ်လှူဒါန်းခဲ့သော ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပုဂံပျော်ဘွယ် ပရိယတ္တိစာသင်တိုက်၊ **ဆွမ်းစားနှစ်ထပ်တိုက်ကျောင်းဆောင်ကြီး** အား ၁၈-၂-၂၀၀၇ရက်နေ့တွင် ရေစက်သွန်းချ လှူဒါန်းခြင်းအတွက် ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆိုပါသည်။
ဦးသန်းမြင့်-ဒေါ်ခင်သောင်း
ဦးထွန်းရွှေ-ဒေါ်နီနီခိုင် (NHL)
ဒေါ်မြင့်မြင့်ခိုင်(လ/ထကထိက၊ဓာတုဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)
Dr. မင်းသိမ်း။

အိမ်ရောင်းမည်

ပင်ရွှေညောင်လမ်း ILBC အနီး (၁၈ပေX၅၀ပေ) ၄ လွှာ၊ ကိုယ်ပိုင်မီတာ ရေစက်)
အသင့်နေနိုင်ပြင်ဆင်ပြီး
Ph. 554136 ၊09 5102811

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ပတ်စပို့ နံပါတ် ၉၁၇၅၅၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
မောင်ဖျက်နယ်ပြန်း
ဖုန်း-၃၉၁၃၆၃။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
မြန်မာဘရူဝါရီလီမိတက်

အမှတ် A-၇,၈,၉,၁၀ ၊ သ/၂ ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လုပ်ငန်းအမည် ၁။ မြန်မာဘီယာအရောင်းသိုလှောင်ရုံကို မန္တလေးမြို့တွင် ငှားရမ်းလိုခြင်း။
တင်ဒါစည်းမျဉ်းစည်းကမ်းများ ။ ၈/၀၃/၂၀၀၇ (ကြာသပတေးနေ့)မှစ၍ အထက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
တင်ဒါတင်သွင်းရမည့်နေ့။ ။ ၁၅/၃/၂၀၀၇ (ကြာသပတေးနေ့)ရုံးချိန်အတွင်း၊
တင်ဒါပိတ်မည့်နေ့။ ။ ၂၉/၃/၂၀၀၇ (ကြာသပတေးနေ့) ညနေ(၄)နာရီတိတိ၊
တင်ဒါတင်သွင်းရမည့်နေရာ။ ။ အထက်ဖော်ပြပါ လိပ်စာအတိုင်းဖြစ်ပါသည်။
လုပ်ငန်းလိုအပ်ချက်။ (၁) သိုလှောင်ရုံမြေ အကျယ်အဝန်း ပေ ၂၀၀ X ပေ ၁၀၀(ဝန်းကျင်) ဝင်းခြံစည်းရိုးအုတ်ရိုးနှင့် အဝင်အထွက်ဂိတ်ပေါက်ကြီးကောင်းရမည်။ လမ်းမကြီးနှင့်နီးသောနေရာနှင့် ရေမလွှမ်းမိုးနိုင်သောနေရာဖြစ်ရမည်။ ထရပ်ကားကြီးများအတွင်းအပြင် ရပ်နားနိုင်ရမည်။ (၂) သိုလှောင်ရုံအကျယ်အဝန်း လ ပေ ၁၅၀ X နံ ပေ ၁၅၀ X မ ပေ ၂၀ (၃) သိုလှောင်ရုံတည်ဆောက်ထားပုံ - ကွန်ကရစ်ကြမ်းခင်းနှင့် ဝန်ချီစက် ၄တန် အသုံးပြုနိုင်ရမည်။ ကြံ့ခိုင်သော နံရံနှင့် ခေါင်မိုး၊ လေဝင်လေထွက်ကောင်းရမည်။ ကားကြီးများ ဝင်ထွက်ရန် တံခါးမကြီးနှစ်ခုရှိရမည်။ ရေ၊ လျှပ်စစ်မီး၊ ရေစီးကောင်းသော ရေမြောင်းရှိရမည်။ ယာဉ်မောင်းနှင့် လုံခြုံရေးဝန်ထမ်းများအတွက် အဆောက်အအုံငယ်များရှိရမည်။ (၄) ရုံး၏ နေရာထိုင်ခင်း- ရုံးခန်း၊ မီးစက်ကြီး၊ တယ်လီဖုန်းလိုင်းများရှိရမည်။

အထက်ပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များနှင့် စည်းကမ်းချက်များကို မြန်မာဘရူဝါရီလီမိတက် (မန္တလေးရုံးခွဲ)သို့ ရုံးချိန်အတွင်း လာရောက် မေးမြန်းစုံစမ်းပြီး ဤကုမ္ပဏီ၏တင်ဒါပုံစံတွင် ဖြည့်စွက်၍ တင်ဒါတင်သွင်းနိုင်ပါသည်။

ဆက်သွယ်စုံစမ်းရန် ဖုန်း-၀၉ ၅၁ ၂၀၉၃၉ (ရုံးချိန်အတွင်း) ရန်ကုန်။ ဖုန်း-၀၉ ၅၁ ၆၆၀၀၈ (ရုံးချိန်အတွင်း) ရန်ကုန်။ ဖုန်း-၀၉ ၂၀ ၀၃၆၀၅ (ရုံးချိန်အတွင်း) မန္တလေး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ Chief Accountant မ (၁) ဦး
(CPA, B.Com, LCCI III)
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိပြီး Computerized Accounting ကျွမ်းကျင်ရမည်။ လုပ်ငန်းတစ်ခုလုံးနှင့် နယ်ရုံးခွဲ စာရင်းများကို တာဝန်ခံစစ်ဆေးနိုင်ရမည်။
(၂)။ Accountant မ (၁) ဦး
(B.Com, Any Graduate)
(၃)။ Electrical Engineer (B.E/ A.G.T.I) ကျား (၁) ဦး
(Generator ကောင်းစွာပြုပြင်ထိန်းသိမ်းနိုင်ရမည်။)

အမှတ်စဉ်(၂)နှင့် (၃)သည် နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ နေရေး၊ စားရေး စီစဉ်ပေးမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အတူ လာရောက်လျှောက်ထားနိုင်သည်။ **ဆက်သွယ်ရန်** အမှတ် (၃၄/၆)၊ စမ်းရေတွင်းလမ်း၊ ဗဟန်းမြို့နယ်။ (နှင်းဆီကုန်း ဘိုးဘွားရိပ်သာအနီး) Ph ; 541725

အားဖြည့်ပြင်ဆင် ကြိုးပမ်းမှုများနဲ့ တစ်မူထူးခြားသော ဘောလုံးအရသာ

THE SUN SPORTS JOURNAL

International sports news up-date

တစ်ပတ်စာ
ဘောလုံးပွဲတွေ
ပရိုဖိုင်
ဒေသနက်တိုး
'ဆန်း'ဂျာနယ်
လူကြိုက်များအတွက်

တီဗွီ - 1
ကားမောင်းစက်ပြင်သင်တန်း

မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

ရေသန့်စက်ရုံရောင်းမည်

- ဈေးကွက်အခိုင်အမာရှိပြီး
- ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၏ ထောက်ခံချက် လက်မှတ်ရရှိပြီး (ပွဲစားများမလိုပါ)

Ph: 09-5124426

ရှောင်လေဝေးဝေး မူးယစ်ဆေး

မီးကြွင်း မီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

RE GD.

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - ၀၇၀၆ YR ၄၈၁၅ / (ဆေးမှုန့်) - ၀၇၀၆. YR ၀၃၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၊၈/၂၀၀၅၊တဆထလ/တိုး(၅၄)

တဟွပ်ဟွပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း **ကွမ်းရွက်ပုံ** ဆေးကကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပက်ဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝိသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝိသတိမ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝိသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

အင်တာနက် နည်းပညာသတင်း

မလေးရှားတွင် ငှက်ပျောပင်မှ စက္ကူထုတ်လုပ် စက်ကိရိယာမပါဘဲ ထုတ်လုပ်နိုင်သည်ဟုဆို

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၃

မလေးရှားနိုင်ငံတက္ကသိုလ်(ယူအက်စ်အမ်)က ငှက်ပျောပင်ကို အသုံးပြု၍ ဘက်စုံသုံးစက္ကူ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဒေသခံ သတင်းမီဒီယာများက ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ဖော်ပြသည်။

အဆိုပါစက္ကူဖြင့် ပင်လယ်ပြင်တွင် ညစ်ညမ်းမှုဖြစ်နေသောရေနံများကို စုပ်ယူခြင်း၊ မီးအုပ်ဆောင်းအဖြစ် ပြုလုပ်ခြင်း၊ မျက်နှာကြက်ပြားအဖြစ် အသုံးပြုခြင်း၊ စားပွဲခင်းများအဖြစ် အသုံးပြုခြင်း စသည်ဖြင့် ဘက်စုံ အသုံးပြုနိုင်ကြောင်း နယူးစထရိတ်တိုင်း သတင်းစာက ရေးသားသည်။

ငှက်ပျောပင်ဖြင့် ပြုလုပ်ထားသော စက္ကူသည် သမားရိုးကျစက္ကူများထက် အဆ ၃၀ မှ ၄၀ အထိ ပိုမိုခိုင်ခံ့သည်ဟု ယူအက်စ်အမ် တက္ကသိုလ်မှ သုတေသီ မိုဟာမက် နာဂျစ်အာမက် ဒါ၀ါက ပြောကြားသည်။

မိုဟာမက် နာဂျစ်နှင့် သုတေသီအဖွဲ့သည် အဆိုပါ သုတေသနလုပ်ငန်းကို ၂၀၀၁ ခုနှစ်က စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ၎င်းတို့သည် ဂျပန်ဖောင်ဒေးရှင်း၏ အကူအညီကို ရရှိခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

ငှက် ပျော ပင်ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ဘက် စုံ သုံး စက္ကူ ထုတ်လုပ် နိုင်သည်။
(ဓာတ်ပုံ- အင်တာနက်)

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များ ပုလဲအတွဲများကို ဝယ်ယူ အားပေးကြစဉ်။
(သတင်းစဉ်)

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ ဆက်လက်ကျင်းပ ပြည်ပ ပုလဲကုန်သည် ၃၀ ကျော် တက်ရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ "မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းယားလိပ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ "မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများနှင့် နိုင်ငံတော်နှင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❁

ထူးခြားသည့် ညအပူချိန်များ

၂၃-၂-၂၀၀၇

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးနှင့်အမ်း	၂ ဒီဂရီစင်တီဂရိတ်
လားရှိုး	၃ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၂၀ ဒီဂရီစင်တီဂရိတ်